ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ နတ်တော်လကွယ်၊ စနေနေ့၊ (20-12-2014) (၈၀၆၀)

## မိတ်ဆွေစစ်(၄)မျိုး

(၁) မိမိအားကျေးဇူးပြုသူ မိတ်ဆွေစစ်၊

(၂) ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊

(၃) အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊

(၄) ညာညာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးတက်ရောက်ရန်အတွက် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ထိုသို့ထွက်ခွာစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးရဲထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

ဂျီအမ်အက်စ်အဖွဲ့ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အခြေစိုက် ADB (အာရှဖွံ့ဖြိုးရေးဘဏ်)၏ အကူအညီဖြင့် ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို သုံးနှစ်လျှင်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံအက္ခရာစဉ်အလိုက် ကျင်းပခဲ့ကြပြီး ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**



ကြေးမုံ စာ တ ည်း ရှု ထော င့် ၂၀-၁၂-၂၀၁၄၊ စနေနေ့

# နိုင်ငံ၏ ဓနဥစ္စာ

ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေပြောင်းလဲလာမှုနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် စီးပွားဥစ္စာတိုးတက်မြင့်မားလာအောင် ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မိမိနိုင်ငံအတွင်း စီးပွားရေးပွင့်လန်းလာစေရန်အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေးစနစ်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ငွေကြေးဈေးကွက်တွင် အဓိကမောင်းနှင်အားဖြစ်သည့် စတော့ရှယ်ယာဈေးကွက်နှင့် စတော့အိတ်ချိန်းကိုလည်း အခြားနိုင်ငံများနည်းတူ ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ယခုအခါကြိုးပမ်းဆောင်ရွက်မှုများ ခရီးပေါက်နေပြီဟု သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်တွင် ရန်ကုန်စတော့အိတ်ချိန်းကို မကြာမီကာလတွင် စတင်ဖွင့်နိုင်တော့မည့် အနေအထားတွင်ရှိနေသည်။ မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံမှ ဒိုင်ဝါစတော့အိတ်ချိန်းအုပ်စုတို့ ဖက်စပ်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ထိုလုပ်ငန်းနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်ကလည်း ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲခဲ့ပြီးဖြစ်သည်။ ကြီးကြပ်အုပ်ချုပ်မည့်အဖွဲ့၊ ရုံးနှင့် သင်တန်းများလည်း ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်သည်။

ဆက်လက်၍ လုပ်ကိုင်မည့်ကုမ္ပဏီများကို လိုင်စင်များထုတ်ပေးပြီး သတ်မှတ်ချက်နှင့်အညီ မကြာမီ ဆောင်ရွက်နိုင်တော့မည်ဟု သိရသည်။ ထိုအခါ အဆိုပါလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မည့်သူများက လုပ်ကိုင်ရန် လေ့လာနေကြသလို အများပြည်သူတို့ကလည်း အသိနည်းသေးသော စတော့အိတ်ချိန်းဆိုသည်တို့ကို သိရှိနားလည်အောင် လေ့လာထားသင့်သည့်အချိန် ရောက်လာသည်။

စတော့အိတ်ချိန်းဆိုသည်မှာ တိုင်းပြည်တစ်ပြည်၏ စီးပွားရေးကဏ္ဍ၌ ဂုဏ်ကျက်သရေဆောင်သော လုပ်ငန်းတစ်ခုဖြစ်သလို ထိုတိုင်းပြည်၏ စီးပွားရေးကို ထင်ဟပ်စေသော ကြေးမုံပြင်လည်းဖြစ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးအခြေအနေကို စီးပွားရေးဘာရိုမီတာ (economic barometer) ဟု ခေါ်ဆိုနိုင်သည့် ထိုစတော့အိတ်ချိန်းမှတစ်ဆင့် လေ့လာနိုင်သဖြင့် နိုင်ငံသားများအတွက် စီးပွားရေးမျက်စိ ပွင့်လာနိုင်သည်။

နိုင်ငံအတွင်းရှိ စီးပွားရေးအဖွဲ့အစည်းများသည် စတော့အိတ်ချိန်းများတွင် စာရင်းတင်သွင်းကာ ကာလရှည် ရင်းနှီးမြှုပ်နှံမှုကို ပြုကြသည်။ ရင်းနှီးမြှုပ်နှံလိုသူများက ယင်းအဖွဲ့အစည်းများထံမှ ရှယ်ယာများကို ဝယ်ယူကာ ရင်းနှီးနိုင်ကြသည်။ ထို့ကြောင့် ထိုစတော့အိတ်ချန်းလုပ်ငန်းသည် နိုင်ငံသားအများစုနှင့်လည်း သက်ဆိုင်သဖြင့် ထိုလုပ်ငန်းများတွင် တစ်စတစ်စပါဝင်လာကြပေလိမ့်မည်။

နိုင်ငံအများစုတွင် စတော့အိတ်ချိန်းလုပ်ငန်းများကို ရှည်လျားသော စီးပွားရေးသမိုင်းတွင် ဖြတ်သန်းခဲ့ကြပြီးဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများ အကြိမ်ကြိမ်ပြုလုပ်၍ စည်းမျဉ်းစည်းကမ်းဥပဒေများနှင့် လုပ်ကိုင်ဆောင်ရွက်ကြသည်။ စတော့အိတ်ချိန်းများကို ယင်းနိုင်ငံများ၏ အချက်အချာကျသည့် စီးပွားရေးဗဟိုဌာနများတွင် တည်ထောင်ကြရာ ထိုနိုင်ငံများ၏ စီးပွားရေးတောင့်တင်းမှုကို ဖော်ပြသည့် ပြယုဂ်များပင်ဖြစ်သည်။

စတော့ဈေးကွက်ကို ထူထောင်ခြင်းဖြင့် နိုင်ငံတော်အတွက်၊ ရင်းနှီးမြှုပ်နှံသူများအတွက်၊ စီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများ များစွာရရှိနိုင်ပေသည်။ ရင်းနှီးမြှုပ်နှံသူ အများပြည်သူအတွက် စီးပွားရေးအခွင့်အလမ်းသစ်တစ်ခုရရှိနိုင်ပြီး လူမှုအဖွဲ့အစည်းအတွက် ထိရောက်သော အရင်းအနှီးခွဲဝေမှုများရရှိစေကာ လူမှုစီးပွားရေးဘဝကို မြင့်တက်စေနိုင်ပါသည်။

စတော့အိတ်ချိန်းတွင် စီးပွားရေးဈေးကွက်များစွာရှိသော်လည်း လောလောဆယ်တွင် ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ခြင်းလုပ်ငန်းဖြင့် စတင်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းတွင် တစ်ဆင့်ဖြန့်ချိရောင်းချခြင်း၊ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းများ တွင်ကျယ်လာတော့မည်ဖြစ်သည်။ ထိုလုပ်ငန်းအတွက် အကြံပေးခြင်း၊ ထိန်းချုပ်ကွပ်ကဲခြင်း၊ စောင့်ကြပ်စစ်ဆေးခြင်းများလည်းပါဝင်မည်ဖြစ်ရာ မြန်မာနိုင်ငံတွင် မကြာမီကာလ၌ ပထမဆုံးပေါ်ပေါက်လာတော့မည့် ရန်ကုန်စတော့အိတ်ချိန်းကို ကြေးမုံက ကြိုဆိုပါသည်။ ။

# အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ၏ (၅/၂၀၁၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက်တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကားပြောကြားရာတွင် အနည်းဆုံး အခကြေးငွေ ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၇)အဖြစ် ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်နေ့မှာ ထုတ်ပြန်ပြဌာန်းထားပြီးဖြစ်သလို အနည်းဆုံး အခကြေးငွေနည်းဥပဒေများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ၂၀၁၃ ခုနှစ် ဇူလိုင် ၁၂ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အနည်းဆုံး အခကြေးငွေ ဥပဒေနဲ့ နည်းဥပဒေတွေကို ထုတ်ပြန်ပြီးတဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ အစည်းအဝေးကို တက်ရောက်လာကြသူများအနေဖြင့် အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် လုပ်ငန်းအားလုံးသတ်မှတ်ရန်လိုအပ်မှု ရှိ၊ မရှိနှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် လူနေမှုကုန်ကျစရိတ်နှင့် လုပ်ငန်းများ တူညီမှုမရှိ၍ အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး လိုအပ်ချက်များကို ဘက်စုံထောင့်စုံက ထည့်သွင်းဆွေးနွေးပေးစေလိုပါကြောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးနိုင်ရေး အဆင့်ဆင့် အကောင်အထည်ဖော်လျက်ရှိရာတွင် မကြာမီကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် အိမ်ထောင်စုများ၏ နေထိုင်စားသောက်မှုကုန်ကျစရိတ် စစ်တမ်းများကို ကောက်ယူသွားမည်ဖြစ်၍ စစ်တမ်းကောက်ယူမည့် အဖွဲ့ငယ်များကို တစ်မြို့နယ်မှာ တစ်ဖွဲ့နှုန်း၊ တစ်ဖွဲ့မှာ ခုနစ်ဦးနှုန်း ဖွဲ့စည်းပြီး ဆောင်ရွက်သွားရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနက စာရင်းကောက်ယူရေးအဖွဲ့များကို မကြာခင်ကပဲ သင်တန်းများပို့ချပေးထားပြီးဖြစ်၍ ယင်းအဖွဲ့များက တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းကောက်ယူရေးအဖွဲ့များကိုလည်း သင်တန်းများ ဆက်လက်ပို့ချသွားမည်ဖြစ်ပါကြောင်း။

အနိမ့်ဆုံး အခကြေးငွေသတ်မှတ်ပေးနိုင်ရန် ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များစွာရှိနေရာ အချက်အလက်အပြည့်အစုံ ထည့်သွင်းစဉ်းစားတွက်ချက်ရန် အချိန်အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်ပြီး အလုပ်သမားများအတွက် အရေးကြီး၍ တတ်နိုင်သမျှမြန်မြန်လုပ်ပေးရန် တောင်းဆိုနေကြသဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအတွက် ထိရောက်မှုရှိပြီး လက်တွေ့ကျတဲ့ ပမာဏဖြစ်ရန်၊ အတတ်နိုင်ဆုံး မြန်မြန်နှင့် ထိထိရောက်ရောက်ဖြစ်ရန် ဘက်ပေါင်းစုံက စဉ်းစားပြီးစေတနာနှင့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လက်ရှိအနေအထားအရ ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များအားလုံးကို စိစစ်ထည့်သွင်းပြီး မြန်မာအလုပ်သမားတွေအတွက် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံးနှင့် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်မယ့်နည်းလမ်းများကို အကြံပြုဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးများ၊ ပညာရှင်များ၊ အလုပ်သမားနှင့် အလုပ်ရှင်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၆၈၀၀ | - | ၆၆၇၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၆၆၀၀ | - | ၆၆၇၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၄၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၂၅ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၈၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၉၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၈၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၅. ၄၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၆၁. ၇၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၁၆၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၆. ၄၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၉. ၆၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



❖ **ရှေ့ဖုံးမှ**

၂၀၀၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ လည်းကောင်း၊ တတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ်တွင် လာအိုနိုင်ငံ၌ လည်းကောင်း၊ စတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့သည်။

**ရည်ရွယ်ကျင်းပ**

ဂျီအမ်အက်စ် ဒေသခွဲနိုင်ငံများအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ ဂျီအမ်အက်စ်ဒေသခွဲနိုင်ငံများအတွင်း လူနေမှုအဆင့်အတန်း မြင့်မားရန်၊ ဂျီအမ်အက်စ်ဒေသခွဲအတွင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းများရှာဖွေရန်၊ အခြေခံစီးပွားရေးအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဒေသတွင်းစက်မှုနှင့် လယ်ယာကဏ္ဍများ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှတာဝန်ရှိသူက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံသို့ရောက်ရှိ



**ဗန်ကောက် ဒီဇင်ဘာ ၁၉**

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာ၏ ဖိတ်ကြားချက်အရ(၅)ကြိမ်မြောက် ဂျီအမ်အက်စ်မျက်နှာစုံညီ အစည်းအဝေးနှင့် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းတည့်တွင် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှထွက်ခွာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ရောက်ရှိကြသည်။

**ခရီးဦးကြိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ထိုင်းနိုင်ငံစီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး ချတ်ချိုင်း ဆာရိကလျာ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပစ္စနုနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ချစ်ဆွေနှင့်ဇနီးတို့နှင့် တာဝန်ရှိသူများက ဒွန်မောင်းလေဆိပ်၌ ခရီးဦးကြိုနှုတ်ဆက်ကြသည်။

**အလေးပြုကြိုဆို**

ထို့နောက် နိုင်ငံတော်သမ္မတအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြိုဆိုကြသည်။**(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Madarin Oriental Hotel သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

ဟားခါး
၄ ဒီဂရီစင်တီဂရိတ်
မိုးကုတ်
၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၅ ဒီဂရီစင်တီဂရိတ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေး ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရတနာစီမံကိန်း၏ထုတ်လုပ်ရေး Platform ပေါ်ရှိ ထုတ်လုပ်ရေးစက်ပစ္စည်းအစိတ်အပိုင်းပြုပြင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၃၀ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သဖြင့် အဆိုပါကာလအတွင်း ပြည်တွင်းသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ခေတ္တရပ်ဆိုင်းထားရမည်ဖြစ်သည်။

ရတနာစီမံကိန်းမှ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ခေတ္တရပ်ဆိုင်းထားသည့် ကာလအတွင်း ဇောတိကစီမံကိန်းမှ သဘာဝဓာတ်ငွေ့ရယူ၍ ရန်ကုန်ဧရိယာရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီးဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အမိန့်ဖီဆန်သောကြောင့် နိုင်ဂျီးရီးယားစစ်သား ၅၄ ဦး သေဒဏ်ချမှတ်ခံရ



အဘူဂျာ ဒီဇင်ဘာ ၁၉

**ဘိုကိုဟာရမ်သူပုန်များသိမ်းပိုက်ထားသော နယ်မြေများကို ပြန်လည်ရယူရန် စစ်ဆင်ရေးဆင်နွှဲမှုတွင် ပါဝင်နိုင်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည့်အတွက် နိုင်ဂျီးရီးယားတပ်ဖွဲ့မှ အဖွဲ့ဝင် ၅၄ဦးအား စစ်ခုံရုံးက သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။**

အဆိုပါစစ်သားများသည် ဩဂုတ်လတွင် မြို့သုံးမြို့အား ဘိုကိုဟာရမ်သူပုန်များလက်မှ ပြန်လည်ရယူရန် စစ်ဆင်ရေးဆင်နွှဲမှုတွင် ပူးပေါင်းပါဝင်ရန် ငြင်းဆိုခဲ့ကြောင်း စစ်ခုံရုံးကပြောသည်။

စစ်တပ်အကြီးအကဲများက သေဒဏ်ချမှတ်မှုကို အတည်ပြုခဲ့သည်။

စစ်သားများသည် နိုင်ဂျီးရီးယားစစ်တပ်၏ အမိန့်အာဏာကို ဖီဆန်ခဲ့ကြောင်း စွပ်စွဲခြင်းခံနေရသည်။ ၎င်းတို့အား နိုင်ငံ၏အရှေ့မြောက်ဘက် ဘော်နိုပြည်နယ်ရှိ မြို့သုံးမြို့အား ပြန်လည်သိမ်းပိုက်ရန် တိုက်ခိုက်ရေးဆင်နွှဲမှုတွင် ဦးဆောင်ရန် အမိန့်ပေးခဲ့သည်။ သို့သော် ၎င်းတို့အနေဖြင့် လက်နက်အင်အားမလုံလောက်ကြောင်းနှင့်ရိက္ခာပြတ်လပ်နိုင်ကြောင်း ပြန်လည်ဆင်ခြေပေးခဲ့ကြောင်းသိရသည်။

၎င်းတို့အမျိုးသမီးများက အခြေစိုက်စခန်းများတွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

စစ်သားများအား လက်နက်လုံလုံလောက်လောက် ပေးထားကြောင်း ကာကွယ်ရေးအရာရှိများက ဆိုသည်။ သမ္မတဂွျန်သန်က ယခုနှစ်အစောပိုင်းတွင် နိုင်ဂျီးရီးယားစစ်တပ်အား အဆင့်မြှင့်တင်ရန် ဒေါ်လာ ၁ ဘီလီယံ ချေးငွေရယူနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ဘိုကိုဟာရမ်များသည်လက်နက်အင်အားတောင့်တင်းသည်ဟု သိထားကြသည်။

၂၀၀၉ခုနှစ်ကစပြီး ဘိုကိုဟာရမ်များက အစ္စလာမ္မစ်နိုင်ငံတည်ထောင်ရန် စစ်ဆင်ရေးများ ဆင်နွှဲခဲ့ပြီး ထိုစစ်ပွဲများကြောင့် လူ၇၀၀၀ခန့်သေဆုံးခဲ့ရကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့ကဆိုသည်။ အဆိုပါငါးနှစ်ကြာစစ်ပွဲကြောင့် လူပေါင်း ၁ ဒသမ ၃ သန်း နေရပ်စွန့်ခွာထွာခွာနေကြရသည်။

**စကိုင်းနယူးစ်။**

# အီဘိုလာကူးစက်မြန်ရောဂါကြောင့် ဝါရင့်ဆရာဝန်တစ်ဦး ထပ်မံသေဆုံး

**ဖရီးတောင်း ဒီဇင်ဘာ ၁၉**

အီဘိုလာကူးစက်မြန် ရောဂါကြောင့် ဆီရာလီယွန်နိုင်ငံ၏ အားအထားရဆုံးသော ဝါရင့်ဆရာဝန်တစ်ဦး ဒီဇင်ဘာ၁၈ရက်က သေဆုံးခဲ့ကြောင်း ကျန်းမာရေးအရာရှိတစ်ဦးကဆိုသည်။

အသက်(၆၇)နှစ် အရွယ်ရှိ ဒေါက်တာဗစ်တာဝယ်လော့ဘီ၏ သေဆုံးမှုသည် ဆရာဝန်သေဆုံးသူအရေအတွက် (၁၂)ဦးမြောက်ဖြစ်ပြီး ဆေးလောကတွင် အကြီးကျယ်ဆုံးသော ဆုံးရှုံးမှုတစ်ခုဖြစ်သည်ဟု ဆေးဘက်ဆိုင်ရာ အရာရှိချုပ် ဘီရီမာကာဂျ်ဘိုက ပြောသည်။

အီဘိုလာ ကူးစက်မြန်ရောဂါ တိုက်ဖျက်ရန် ကနေဒါနိုင်ငံတွင် တီထွင်ထားသော ZMAb ဆေးဝါး အချိန်မီ ရောက်ရှိခဲ့သော်လည်း ဒေါက်တာဗစ်တာဝယ်လော့ဘီသည် ဆေးမသောက်မီမှာပင် သေဆုံးခဲ့ခြင်းဖြစ်သည်။ အီဘိုလာကူးစက်မြန်ရောဂါကြောင့် ကျန်းမာရေးလုပ်သားဦးရေ ၃၅၀ကျော် သေဆုံးခဲ့သော်လည်း ဆရာဝန်နှင့်သူနာပြုများ၏ သေဆုံးမှုသည် အနည်းငယ်မျှသာရှိသေးကြောင်း သိရသည်။

အီဘိုလာကူးစက်မြန်ရောဂါကို ခန္ဓာကိုယ်မှထွက်သော အရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ ရောဂါရှိသူအား ပြုစုစောင့်ရှောက်သည့် မိသားစုဝင်များအားကူးစက်နိုင်ခြေများသည့်အတွက် ယင်းရောဂါကို 'စောင့်ရှောက်သူများကို ကူးစက်သည့်ရောဂါ' ဟုခေါ်ဆိုကြသည်။

ရောဂါ ကူးစက်ခံရသူဦးရေ ၁၈၆၀၀ကျော်ရှိပြီး အများစုမှာ ဆီရာလီယွန်၊ဂီနီနှင့် လိုင်ဘေးရီးယားနိုင်ငံများမှဖြစ်ပြီး သေဆုံးသူပေါင်း ၆၉၀၀ကျော်ရှိသည်။

**ရိုက်တာ ။**

# ပါကစ္စတန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၅၇ ဦး သေဆုံး



အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၉

**အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ဒေသအနီးရှိ တာလီဘန်တပ်ဖွဲ့များအား ပါကစ္စတန်တပ်ဖွဲ့များက မြေပြင်နှင့်လေကြောင်းတို့မှ တိုက်ခိုက်ချေမှုန်းခဲ့ရာ တာလီဘန်စစ်သွေးကြွ ၅၇ ဦး သေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။**

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ စာသင်ကျောင်းတစ်ကျောင်းမှ ကျောင်းသားငယ်လေးများအား တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်မှုတစ်ရပ်လုပ်ဆောင်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် အဆိုပါစစ်ဆင်ရေးကို တင်နွှဲခဲ့ခြင်းဖြစ်သည်။ ပက်ရှ်ဝါမြို့ရှိစာသင်ကျောင်းအား တာလီဘန်တို့ တိုက်ခိုက်မှုကြောင့် ကျောင်းသားများ အများစုပါဝင်သော လူ ၁၄၁ ဦး သေဆုံးခဲ့ရသည်။

ခိုင်ဘာခရိုင်နှင့် မြောက်ဝါဇီရစ္စတန်ပြည်နယ်များ၌ ပါကစ္စတန်စစ်ဘက်က သောင်းကျန်းသူများအပေါ် ထိုးစစ်ဆင်နွှဲမှုအရှိန်ကို မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။

မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် စစ်သွေးကြွများအား ချေမှုန်းနေမှုကို ပါကစ္စတန်တပ်ဖွဲ့များက ယခုနှစ် ဇွန်လအတွင်းက စတင်ခဲ့ခြင်းဖြစ်သည်။

ယခုရက်သတ္တပတ်အတွင်းက ပြုလုပ်ခဲ့သော စစ်ဆင်ရေးများတွင် ပါကစ္စတန်တပ်ဖွဲ့များက မြေပြင်နှင့်လေကြောင်း ထိုးစစ်များ ပူးတွဲလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပါကစ္စတန် လေတပ်ဂျက်တိုက်လေယာဉ်များက လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုအကြိမ် ၂၀ ခန့် ပြုလုပ်ခဲ့သည်။

ဒီဇင်ဘာ ၁၈ ရက် ညပိုင်းတွင် ပါကစ္စတန် အထူးတပ်ဖွဲ့များက အာဖဂန်နစ္စတန် နယ်စပ်အနီးရှိ တာရက်တောင်ကြား၌ ချုံခိုတိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၃၂ဦး သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယခုနှစ် ဇွန်လအတွင်းမှ စ၍ ယခုနောက်ဆုံး ဆင်နွှဲနေသည့် တိုက်ခိုက်မှုများအတွင်း စစ်သွေးကြွ ဦးရေ ၁၇၀၀ ကျော်ကို သုတ်သင်ချေမှုန်းနိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

**ဘီဘီစီ။**

# နိုင်ဂျီးရီးယားတွင် ဘိုကိုဟာရမ်များဟု ယူဆရသူများ အမျိုးသမီးနှင့်ကလေး ၁၀၀ ကျော် ပြန်ပေးဆွဲ

**အဘူဂျာ ဒီဇင်ဘာ ၁၉**

ဘိုကိုဟာရမ်အဖွဲ့ဝင်များဟု ယူဆရသော လက်နက်ကိုင်များသည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း နယ်စွန်မှ ဂုပ်စူရီကျေးရွာကို တနင်္ဂနွေနေ့တွင် ဝင်စီး၍ အမျိုးသမီးနှင့်ကလေး ၁၀၀ ကျော်ကို ပြန်ပေးဆွဲသွားပြီး အခြား ၃၅ ဦးကို သတ်ပစ်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့သတင်းအရင်းအမြစ်နှင့် ဒေသ ခံများက ကြာသပတေးနေ့တွင် ပြောကြားသည်ဟု ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဧပြီလအတွင်းက ချီဘောက်အလယ်တန်းကျောင်းမှ ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲသွားသော ဘိုကိုဟာရမ်အဖွဲ့၏ လုပ်နည်းလုပ်ဟန်အတိုင်း ဖြစ်သော်လည်း ယခုအချိန်ထိ မည်သည့်အဖွဲ့ကမျှ တာဝန်ရှိကြောင်း ကြေညာခြင်း မပြုသေးပေ။

ဘိုကိုဟာရမ်အဖွဲ့၏ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအတွက် လှုပ်ရှားမှုများသည် အာဖရိက၏ အကြီးမားဆုံး စီးပွားရေးနှင့် ထိပ်တန်း ရေနံထုတ်လုပ်သော နိုင်ငံကို အကြီးအကျယ် ခြိမ်းခြောက်မှုပြုလာပြီဖြစ်သည်။

ထောင်ပေါင်းများစွာသော လူများသတ်ခံရပြီး ရာပေါင်းများစွာသောသူများ ပြန်ပေးဆွဲခံရသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ များ၏ ပြည်သူများအား ကာကွယ်ရေးစွမ်းဆောင်ရည်အပေါ် မေးခွန်းထုတ်လာကြပြီဖြစ်သည်။ အထူးသဖြင့် စစ်သွေးကြွများ စခန်းဖွင့်ထားသည့် ကင်မရွန်းနိုင်ငံမြောက်ပိုင်း နယ်စပ်တစ်ဝိုက်တွင် ဖြစ်သည်။

အခင်းဖြစ်ပွားပြီးနောက် မကြာမီ ယင်းနေရာသို့ ရောက်ရှိခဲ့သည့် မာအီနာ ချီဘောက်က သောင်းကျန်းသူများ သည် ရွာတွင်းသို့ ပစ်ကပ်ထရပ်ကားများဖြင့် ဝင်ရောက်လာကာ အေကေ ၄၇ များ၊ စက်သေနတ်များဖြင့် မည်းမည်းမြင်ရာ ပစ်ခတ်ခဲ့သည်ဟု ပြောသည်။

စစ်သွေးကြွများက ရွာသူရွာသားများကို စုဝေးစေပြီး ၃၀ ကျော်ကို ပစ်သတ်ကာ အမျိုးသမီးနှင့် ကလေး ၁၀၀ ကျော်ကို ထရပ်ကားနှစ်စီးဖြင့် ခေါ်ဆောင်သွားသည်ဟု ၎င်းကပြောသည်။ အစိုးရဆေးပေးခန်းတစ်ခန်း၊ နေအိမ်များနှင့် ဈေးဆိုင်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်ဟု ၎င်းက ထပ်မံပြောကြားသည်။ အဆိုပါဖြစ်စဉ်များကို အစိုးရလုံခြုံရေးတပ်ဖွဲ့ သတင်းအရင်းအမြစ်က အတည်ပြုသည်။

**ရိုက်တာ။**

# စင်ဂျာတောင်တန်းဝိုင်းထားသော အိုင်အက်စ်တို့ကို ကာ့ဒ်တို့ ဖြိုခွင်းနိုင်



**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၉**

အီရတ်နိုင်ငံမြောက်ပိုင်းမှ ကာ့ဒ်တပ်ဖွဲ့များက အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် ယခုအချိန်၌ အကြီးမားဆုံး အောင်ပွဲရရှိကြောင်း ကြေညာလျက်ရှိသည်ဟု ဘီဘီစီက ယနေ့ဖော်ပြသည်။

ဩဂုတ်လကတည်းက ထောင်ပေါင်းများစွာသော ယဇီဒီးများနှင့် ရွှေ့ပြောင်းအီရတ်လူမျိုးများ ပိတ်မိလျက်ရှိသည့် စင်ဂျာ တောင်တန်းအား အိုင်အက်စ်တို့ ဝန်းရံထားခြင်းကို ဖြိုခွင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ကာ့ဒ်တို့ကပြောသည်။

တစ်ပြိုင်နက်တည်းမှာပင် အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်ခေါင်းဆောင် အချို့ သေဆုံးခဲ့ကြကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ ထိပ်တန်းအရာရှိတစ်ဦးက ပြောသည်။

စင်ဂျာတောင်တန်းအား ဝိုင်းရံထားသည့် အိုင်အက်စ်တပ်ဖွဲ့များကို အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များ၏ လေကြောင်းမှ တိုက်ခိုက်ခြင်းနှင့်အတူ ကာ့ဒ်တပ်ဖွဲ့များက ဗုဒ္ဓဟူးနေ့စောစောပိုင်းတွင် စတင်ထိုးစစ်ဆင်ခဲ့ကြသည်။

မြေပြင်တွင် အင်အား ၈၀၀၀ ခန့်ရှိသော ကာဒ်ပက်ရှ်မာဂါ တိုက်ခိုက်ရေးသမားများသည် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ တိုက်ခိုက်ရာ ယဇီဒီးများနှင့် အခြားလူမျိုးများ ထွက်ခွာနိုင်သည်အထိ လမ်းကြောင်းတစ်ကြောင်း ကျယ်ပြန့်စွာ ပွင့်သွားပြီဖြစ်သည်။

ကာဒစ္စတန်ဒေသ လုံခြုံရေးကောင်စီ အကြီးအကဲက ကာ့ဒ်တပ်ဖွဲ့များက အောက်တိုဘာလတွင် ပြန်လည်သိမ်းယူခဲ့သည့် ဇူမားမှ စင်ဂျာသို့ စစ်ဆင်ရေး စတင်ခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။

ကာ့ဒ်တပ်ဖွဲ့မှ ကြေညာချက်ထုတ်ပြန်ရာတွင် စစ်သွေးကြွတိုက်ခိုက်ရေးသမား အမြောက်အမြားသည် အနောက်ဘက် ဆီးရီးယားနိုင်ငံအတွင်းသို့လည်းကောင်း၊ အရှေ့ဘက် မိုဆူးမြို့သို့လည်းကောင်း ထွက်ပြေးသွားကြသည်ဟု ဖော်ပြထားသည်။

အဆိုပါထိုးစစ်တွင် ကျေးရွာနှစ်ရွာကို ပြန်လည်သိမ်းယူနိုင်ပြီး စစ်သွေးကြွ ၈၀ ခန့် သေဆုံးကြောင်း ပက်ရှ်မာဂါ တိုက်ခိုက်ရေး သမားများကလည်း ပြောကြားခဲ့သည်။

သို့သော် အိုင်အက်စ်တို့၏လက်တွင် ရှိနေဆဲဖြစ်သော စင်ဂျာတောင်တန်းတောင်ပိုင်းရှိ စင်ဂျာမြို့၊ မိုဆူးမြို့နှင့် တောလ်အဖာမြို့များသို့ ရောက်ရှိရန် လမ်းကြောင်းမှာ ကာ့ဒ်တို့အတွက် ရှည်လျားဆဲဖြစ်ကြောင်း ဘီဘီစီသတင်းထောက်ကပြောသည်။ **ဘီဘီစီ။**

# မိခင်နှင့် မွေးကင်းစကလေးများ သက်ကြီးရွယ်အိုများစောင့်ရှောက်ရေးသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အမျိုးသမီးများ၏လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေရန်ရည်ရွယ်ပြီး ရန်ကုန် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး မိခင်နှင့် မွေးကင်းစကလေးများ၊ သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့နယ်လွှတ်တော်ဝင်း အတွင်းရှိ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့နာယက ဒေါ်ခင်သက်ဌေးက မိခင်နှင့်ကလေးများ မွေးကင်းစ ကလေးများနှင့် ငါးနှစ်အောက် ကလေးများအတွက် ကျန်းမာရေး ဆိုင်ရာများကို ဦးစားပေးဖော်ဆောင် ရန် လိုအပ်ပါက ဆေးရုံဆေးခန်းများ သို့ အချိန်မီရောက်ရှိနိုင်ရေးအတွက် ကူညီပံ့ပိုးပေးရန်၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှု လိုအပ်နေသည့် မိဘမဲ့ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများအား စိတ်ပိုင်း ဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ကူညီစောင့် ရှောက်မှုများပေးရန်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်မှု အသင်းကြီးမှ ၂၀၁၃ ခုနှစ်အတွင်း ရှေ့လုပ်ငန်းစဉ်များချမှတ်ရန် ဆောင် ရွက်ခဲ့ကြောင်း၊ အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက် စေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေ ရန် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ဖွင့်လှစ် ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းကာလအတွင်း ဝါရင့် ဆရာဝန်များ၊ သူနာပြုဆရာမကြီး များက ပိုးမွှားဗေဒ၊ ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ အာဟာရအကြောင်း၊ ကူးစက်ရောဂါများ၊ သာမန်အဖြစ်များ သောရောဂါ၊ ပတ်ဝန်းကျင်သန့်ရှင်း ရေး၊ ရှေးဦးသူနာပြုစုနည်း၊ ဆေးဝါး များအကြောင်းကို သင်ထောက်ကူ ပစ္စည်းများဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်သည့် အပြင် ဆေးရုံ၊ ဘိုးဘွားရိပ်သာများသို့ လည်း လက်တွေ့သင်ကြားပြသပေး မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ အမျိုးသမီး ၄၀ ခန့် တက်ရောက် မည်ဖြစ်ပြီး သင်တန်းကာလအနေဖြင့် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၁၅ ခုနှစ် မတ်လ ၁၈ ရက်ထိ သုံးလတာ အခမဲ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရ သည်။ **(သီသီမင်း)**



# ပြည်ပမှ မော်တော်ယာဉ်တင်သွင်းရာတွင် ၂၀၁၅ ဇန်နဝါရီ ၁ ရက်မှစ၍ ကားရပ်နားရန်နေရာ (Car Parking) ထောက်ခံချက်ပါရှိမှ သွင်းကုန်လိုင်စင်ခွင့်ပြုမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပြည်ပမှ မော်တော်ယာဉ်တင်သွင်း လျှောက်ထားရာတွင် လာမည့် ၂၀၁၅ ဇန်နဝါရီ ၁ ရက်မှ စတင်ကာ မော်တော်ယာဉ် ရပ်နားရန်နေရာ (Car Parking) အတွက် ထောက်ခံချက်ပါရှိမှ သွင်းကုန်လိုင်စင်ခွင့်ပြုမည် ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန၏ ထုတ်ပြန်ချက်အရ သတင်းရရှိသည်။

ယင်းအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးအတွက်သာ ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုစာရင်းဖြင့် နေထိုင်သူများအနေဖြင့် မော်တော်ယာဉ်တင်သွင်းဝယ်ယူခွင့် လျှောက်ထားရာတွင် အထက်ပါ ကားထားရန်နေရာ ထောက်ခံချက်ကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးများတွင် ပုံစံဝယ်ယူလျှောက်ထားရမည်ဟု သိရသည်။

“တစ်ဦးချင်း ကားတင်သွင်းမှုကို ပိတ်ပင်ဖို့မရှိပါဘူး။ ရန်ကုန်မှာတော့ ကားတွေများတဲ့အတွက် အဓိက ပြဿနာကလည်း ကားပါကင်ပြဿနာဆိုတော့ ကားထားဖို့အတွက် နေရာရှိကြောင်း ထောက်ခံချက်ပေ့ါ။ အဲဒါကို သက်ဆိုင်ရာမြို့နယ်တွေမှာ လုပ်ရမယ်။ ကျန်တာကတော့ အရင်အတိုင်းပဲလုပ်ရမှာပါ။ ထောက်ခံချက်အတွက် သက်ဆိုင်ရာမြို့နယ်စည်ပင်တို့ သက်ဆိုင်ရာဌာနတွေက စစ်ဆေးပေးမယ်။ ဒီထောက်ခံချက်လုပ်ရတဲ့အဆင့်တစ်ခု တော့ရှိလာမယ်” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ရန်ကုန်မှာ ကားကျပ်နေတဲ့ ပြဿနာက စည်းကမ်းပိုင်းရော စနစ်တကျယာဉ်ကြောထိန်းသိမ်းတဲ့အပိုင်းကိုပါ ဆောင်ရွက်နိုင်ရင်ပြေလည်မှာပါ။ ကားအစီးရေအရ ဆိုရင် ရန်ကုန်မှာ ယာဉ်အစီးရေ ၄ သိန်းလောက်ရှိလာပြီပေ့ါ၊ ဒီပမာဏဟာများတယ်လို့ မဆိုလိုနိုင်ပါဘူး၊ အဓိက ဖြစ်နေတဲ့ပြဿနာက ကားထားဖို့နေရာ မရှိတာဖြစ်နေတော့ ဒါကိုကန့်သတ်လိုက်တာဖြစ်မယ်။ အရင်က အထပ်မြင့်တွေ ရပ်ကွက်အတွင်းကော လမ်းမကြီးတွေမှာပါ အပြိုင်အဆိုင် ဆောက်ခဲ့ကြပြီး ကားထားဖို့နေရာကို လုံးဝ မစီစဉ်ကြဘူး၊ ဒါကိုလည်း သေချာမကြပ်မတ်ကြဘူး။ အခုတော့ ကားတင်သွင်းမှုကို ပိတ်ဖို့အစီအစဉ်မရှိပေမယ့် အခုလို ကန့်သတ်တာလေးတွေ လုပ်လာတာဖြစ်မယ်”ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင် မြို့ပြအင်ဂျင်နီယာ တစ်ဦးက ပြောသည်။

ယင်းအပြင် လာမည့်ဇန်နဝါရီ ၁ ရက်မှ စတင်ကာ လူပုဂ္ဂိုလ်တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းရာတွင် သွင်းကုန်ပါမစ်အား သုံးလအထိသာ ခွင့်ပြုသွားမည်ဖြစ်ပြီး သက်တမ်းတိုးခွင့်ပြုမည်မဟုတ်ကြောင်း၊ ဆိပ်ကမ်းရောက်ပြီးမှ သွင်းကုန်လိုင်စင်၊ ပါမစ်လျှောက်ထားခြင်းကိုလည်း ခွင့်ပြုပေးမည် မဟုတ်ကြောင်းနှင့် မော်တော်ယာဉ်တင်သွင်းခွင့် ပါမစ်လျှောက်ထားရာ၌ ပြုပြင်ပြီး Reconditioned ယာဉ်များအတွက် ပြုပြင်ပြီးအဆင့် အချက် ၆ ချက်ပါ အတိုင်း တင်သွင်းမည်ဟူသော ဝန်ခံကတိတင်ပြ လျှောက်ထားမှသာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

# ရေအေးချောင်းသို့ မြေစာများစွန့်ပစ်နေမှု ရပ်ဆိုင်းပေးစေလို

**ဖားကန့် ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူအုပ်စု ဆွတ်အောင်ရာကျေးရွာအနီးရှိ အများပြည်သူသောက်သုံး နေသော ရေအေးချောင်းသို့ ရာဇဌာနီကုမ္ပဏီမှ မြေစာများစွန့်ပစ်နေသဖြင့် ရေအေးချောင်းမှာ ပျောက်ကွယ်နိုင်သော အခြေအနေသို့ ရောက်ရှိနေကြောင်း ဒေသခံများက ပြောသည်။

ရွာသုံးရွာပေါင်းရှိ လူဦးရေ ၄၀၂၀ ခန့် သောက်သုံးနေသော ရေအေး ချောင်းတစ်ခုလုံးပျောက်ကွယ်သွားပါက စိမ့်စမ်းရေရရှိနိုင်သော နေရာ မရှိသဖြင့် အဆိုပါကုမ္ပဏီအား ဥပဒေအရ အရေးယူဆောင်ရွက်ပေးစေလိုကြောင်းလည်း ဒေသခံများက သက်ဆိုင်ရာသို့ အကြောင်းကြားထားပြီးဖြစ်သည်။

“ဒီရေအေးချောင်းရေက ကျွန်တော်တို့ ပတ်ဝန်းကျင်ကျေးရွာ သုံးရွာက လူဦးရေ ၄၀၀၀ ကျော်သောက်သုံးနေတာပါ။ ဒီချောင်းပျောက်သွားရင် ကျွန်တော်တို့မှာ တခြားသောက်သုံးစရာ ရေရရှိမယ့်နေရာ မရှိပါဘူး။ ဒါကြောင့် ဒီမြေစာစွန့်ပစ်နေတာကို သက်ဆိုင်ရာက တားဆီးပေးစေလိုတာပါ” ဟု ဟင်းတင့်ရွာမှ ဦးမောင်နီက ကြေးမုံသတင်းစာ၏ ဆက်သွယ်မေးမြန်းမှုကို ဖြေကြားခဲ့သည်။

သက်ဆိုင်ရာမှ မြေစာစွန့်ပစ်ရန် ဝဲဘက်အနိမ့်ပိုင်းတွင် သတ်မှတ်ပေးထားသော်လည်း ယာဘက်ရေအေးချောင်းရှိရာသို့သာ စွန့်ပစ်မြဲစွန့်ပစ်နေကြောင်း သိရသည်။

ယခုအခါ ဆွတ်အောင်ရာကျေးရွာသည် ၂၀၁၄ ခုနှစ်မှစ၍ လူဦးရေတိုးတက်လာသော ရွာတစ်ရွာဖြစ်လာခဲ့ရာ အိမ်ထောင်စုပေါင်း ၃၀၀ ကျော်ခန့်ရှိပြီး လူဦးရေပေါင်း ၁၅၀၀ ခန့်ရှိကာ ဟင်းတင့်ကျေးရွာတွင် အိမ်ခြေပေါင်း ၁၁၅ အိမ်ခန့် လူဦးရေ ၅၂၀ ဦးခန့်နှင့် ကရင်ချောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၄၅၀ ခန့်၊ လူဦးရေ ၂၀၀၀ ခန့်ရှိသည်။ **(ကြေးမုံ)**














# မြန်မာ့လွတ်လပ်ရေး အတိတ်က အောင်ပွဲသဘင်

**စိတ္တရ**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား၌ ဗိုလ်ရှုခံအခမ်းအနားပါ ကျင်းပမည်ဖြစ်ကြောင်း ကြားသိရပါသည်။

ထိုသတင်းစကားကြားသိလိုက်ရသည်နှင့် အသက် (၆၀)ကျော်အရွယ်ရှိနေပြီဖြစ်သော ကျွန်ုပ်အနေဖြင့် ၁၉၆၂ ခုနှစ် ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည့် (၁၄) နှစ်မြောက် လွတ်လပ်ရေးနေ့အောင်ပွဲအခမ်းအနားနှင့် ဗိုလ်ရှုသဘင်ပွဲအခမ်းအနားတို့ကို ပြန်လည်သတိရကာ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

ထိုအချိန်က ကျွန်ုပ်၏ အသက်မှာ(၁၄)နှစ်သား လူလားမြောက်စ အရွယ်ဖြစ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့သော နေ့ရက်တွင်မှ လွတ်လပ်ရေးနှင့်အတူ မွေးဖွားခဲ့သူဖြစ်ပါသည်။ ကျွန်ုပ်၏ဖခင်ကြီးမှာ ဗိုလ်ရှုသဘင်အခမ်းအနားသို့ ချီတက်အလေးပြုရာတွင်ပါဝင်ခဲ့သည့် တပ်မတော်သားတစ်ဦးဖြစ်သည်။ ကျွန်ုပ်မှာလည်း ဗိုလ်ရှုသဘင်အခမ်းအနားကျင်းပသည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအနောက်ဘက်ပြည်လမ်းမ ကြီးအနီးရှိ စမ်းချောင်းရပ်တွင် နေထိုင်သူဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်နေအိမ်နှင့်မဝေးကွာလှသော ဗိုလ်ရှုခံ မဏ္ဍပ်ရှိရာ မလှမ်းမကမ်းဆီသို့ နံနက်မိုးမလင်းခင်ကပင် အရောက်သွားကြည့်ရှုခဲ့ပြီး ပြန်လည်သတိရသည်ကို ကိုယ်တွေ့အဖြစ် တင်ပြလိုက်ပါသည်။

ယခုနှစ်ပေါင်း ၅၀ကျော်ကာလရောက်မှ သတင်းစာများတွင် ဗိုလ်ရှုခံအခမ်းအနားကျင်းပမည်ဟု မြင်တွေ့ရသောအခါ ငယ်ရွယ်စဉ်ကလေးဘဝက ကြုံတွေ့ခဲ့ရသော အလွန်စည်ကားလှသည့် ဗိုလ်ရှုခံသဘင်အခမ်းအနားကို တဖြည်းဖြည်းပြန်လည်မြင်ယောင်လာပါသည်။ ထို့ကြောင့် နေအိမ်ရှိသိမ်းဆည်းမှတ်သားခဲ့သော မှတ်တမ်းမှတ်ရာများ၊ ဖခင်ကြီးချန်ထားရစ်သော ဗိုလ်ရှုခံမှတ်တမ်းများကို ရှာဖွေလှေ့လာခဲ့ရာ ဝေဝါးနေသည့် အတိတ်ကအရိပ်များမှာ ပြန်လည်ပီပြင်နိုးထလာသည်ဟု ဆိုနိုင်ပါသည်။

အမှန်တွင် ဗိုလ်ရှုသဘင်အခမ်းအနားကို ၁၉၅၀ ပြည့်နှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ကျင်းပဖြစ်ခဲ့သော်လည်း ကျွန်ုပ်အနေဖြင့် ကလေးအရွယ်မျှသာရှိသေးသဖြင့် သတိမထားမိခဲ့သည်မှာ အမှန်ဖြစ်သည်။ ၁၉၆၂ ခုနှစ် ဗိုလ်ရှုသဘင်အခမ်းအနားတွင်ကျွန်ုပ်၏ဖခင်ကြီးချီတက်အလေးပြုရန် ပြင်ဆင်ဆောင်ရွက်ပုံတို့ကို သတိထားမိရာမှ ဖခင်ကြီးချီတက်လာပုံကို မြင်လိုဇောဖြင့် ထိုအခမ်းအနားသို့ အစ်ကိုဖြစ်သူနှင့်အတူ မဖြစ်မနေသွားရောက်ကြည့်ရှုခဲ့ရခြင်းဖြစ်ပါသည်။

၁၉၆၂ ခုနှစ် ဇန်နဝါရီ ၄ ရက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးအောင်ပွဲနေ့ကြီး အဖြစ် အမှတ်ရလာပါသည်။ ထိုနေ့က ရန်ကုန်မြို့တော်သူ မြို့တော်သားများသည် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကျင်းပရာ ပြည်လမ်းဗိုလ်ရှုခံမဏ္ဍပ်ဆီသို့ ကျွန်ုပ်ကဲ့သို့ပင် အခမ်းအနားမကျင်းပမီ ဝေလီဝေလင်း အချိန်ကတည်းက ရောက်ရှိနေရာယူနေကြပါသည်။ နိုင်ငံတော်သမ္မတကြီးနှင့်ဝန်ကြီးချုပ်တို့ အိမ်တော်မှ ထွက်ခွာရာတွင် အချိန်အားဖြင့် နံနက် ၇ နာရီခန့်ရှိမည်။ စတင်ထွက်ခွာသည်နှင့်မြန်မာ့တပ်မတော်၏ အမြောက် ၂၁ ချက်ပစ်ဖောက်သံမှာ ရန်ကုန်တစ်မြို့လုံးရှိ ပြည်သူပြည်သားများ၏ အသိစိတ်တွင် လွတ်လပ်ရေးအောင်ပွဲသဘင်သို့ နိုင်ငံတော်သမ္မတကြီးကြွချီလာပြီ၊ ဖြတ်သန်းရာလမ်းတစ်လျှောက်ကြိုဆိုကြမည်၊ ညှော့ခံကြမည်၊ နှုတ်ဆက်ကြမည်စသည်ဖြင့် ကိုယ်စီကိုယ်စီအသိဖြစ်နေကြသည်။

ပုံမှန်အားဖြင့် နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်နှင့်ဇနီးတို့သည် ဝန်ကြီးချုပ် ဦးနုနှင့်ဇနီးတို့နှင့်အတူ သမ္မတအတွင်းဝန်၊ အိမ်တော်ဝန်များနှင့် သမ္မတကိုယ်ရံတော်ဗိုလ်ကြီးများခြံရံလျက် မြင်းတပ်ဖွဲ့နှင့် မော်တော်ဆိုင်ကယ်တပ်ဖွဲ့များခြံရံလျက် လင့်ခ်လမ်း(ယခုရွှေဂုံတိုင်လမ်း)၊ ဟဲလ်ပင်လမ်း(ယခုပြည်ထောင်စုရိပ်သာလမ်း) ထိုမှဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဆူးလေဘုရားလမ်းမှ တစ်ပတ်ပတ်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်သို့ ပြန်တက်ကာဂေါ်ဒင်လမ်း(ယခုလမ်းမတော်လမ်း)မှ ဟဲလ်ပင်လမ်း(ပြည်ထောင်စုရိပ်သာလမ်း)သို့ ပြန်ဝင်ပြီး ပြည်လမ်းမကြီး တစ်လျှောက်မှ ဗိုလ်ရှုခံမဏ္ဍပ်သို့ ဝင်မည့်အစီအစဉ်ဖြစ်သည်။



၁၉၅၉ ခုနှစ် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် သမ္မတကြီး မန်းဝင်းမောင်အား စံပြအမျိုးသမီးအထက်တန်းကျောင်းမှ ချီတက်အလေးပြုနေစဉ်။ (ဓာတ်ပုံ-တင်တင်အေး)

သို့သော် နိုင်ငံတော်သမ္မတကြီးနှင့် အဖွဲ့သည်ဟဲလ်ပင်လမ်း(ပြည်ထောင်စုရိပ်သာလမ်း)မှ ပြည်လမ်းအနောက်ဘက်တွင်ရှိသော မြန်မာပြည် အိန္ဒိယအမျိုးသားကုန်သည်ကြီးများအသင်း၏ ညှော့ခံမဏ္ဍပ်သို့ဝင်သည်။ ထို့နောက် ဂေါ်ဒွင်လမ်းနှင့်မြို့မကျောင်းရှေ့ရှိ တေလဂူတိုးတက်ရေးအသင်းညှော့ခံမဏ္ဍပ်၊ ဂေါ်ဒွင်လမ်း ဆေးသိပ္ပံကျောင်းရှေ့ရှိဗမာနိုင်ငံကုန်သည်များနှင့် ကုန်ထုတ်လုပ်သူများအဖွဲ့၏ ညှော့ခံမဏ္ဍပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်ဆေးရုံကြီးရှေ့ရှိ ရန်ကုန်ကုန်သည်ကြီးများအသင်း၏ ညှော့ခံမဏ္ဍပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း လဟာပြင်ဈေးရှေ့ရှိ ဟင်မွန်တရုတ်အမျိုးသားကုန်သည်ကြီးများအသင်း၏ မဏ္ဍပ်၊ ဗိုလ်ချုပ်ဈေးနာရီစင်ရှေ့ရှိ မြန်မာအစ္စမာ အီလီခိုဂျာ အမျိုးသားဦးစီးအဖွဲ့ချုပ်၏ ညှော့ခံမဏ္ဍပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကွန်တီနင်တယ်တိုက်ရှေ့ရှိ အာရပ်ကုန်သည်ကြီးများအသင်း၏ ညှော့ခံမဏ္ဍပ်၊ဆူးလေဘုရားလမ်း ယခင်ဂလုပ်ရုပ်ရှင်ရုံရှေ့ရှိ မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်း၏ ညှော့ခံမဏ္ဍပ်၊ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းမြောက်ဘက်ရှိ မာရဝါရီကုန်သည်ကြီးများ အသင်း၏ညှော့ခံမဏ္ဍပ်၊ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်း၏ တောင်ဘက်ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ စက်မှုလက်မှုအဖွဲ့ချုပ်၏ ညှော့ခံမဏ္ဍပ်၊ ဆူးလေဘုရားလမ်း မြူနီစီပယ်ရုံးကြီးရှေ့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းပိုင်ရှင်များအသင်း၏ ညှော့ခံမဏ္ဍပ်များတွင် တစ်မိနစ်စီရပ်နား၍ နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် နံနက် ၈ နာရီတိတိအချိန်ရောက်မှ ပြည်လမ်းမပေါ်ရှိ ဗိုလ်ရှုခံမဏ္ဍပ်တွင် နေရာယူကြသည်။ ထိုအခါ မြို့တော်သူ မြို့တော်သားများနှင့်ကျောင်းသားကျောင်းသူလေးများက လမ်းနှစ်ဖက် စီတန်းလျက်သောင်းသောင်းဖြဖြနှုတ်ဆက်ကြ၊ ကောင်းချီးသြဘာပေးကြနှင့် အားရဖွယ်ကောင်းလှသည်။ နိုင်ငံတော်သမ္မတကြီးကျန်းမာပါစေ၊ဝန်ကြီးချုပ်ကျန်းမာပါစေ၊ လွတ်လပ်ရေးကြီးတည်မြဲပါစေ စသည့် ကြွေးကြော်သံ၊ ဆုမွန်ကောင်း တောင်းသံများမှာ သောသောညံခဲ့သည်။ ထိုအချိန်က လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားဧည့်သည်တော်များ၊ အစိုးရဝန်ကြီးများ၊ ဌာနဆိုင်ရာအတွင်းဝန်များ၊ သံတမန်များအားလုံး စုံစုံလင်လင်ရောက်ရှိ နေရာယူကြသည်။ ထိုနေ့ လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသို့ ရောက်ရှိလာကြသောဧည့်ပရိသတ်အပေါင်းတို့နှင့် ပြည်သူများမှာ ကြိတ်ကြိတ်တိုး၍ အထူးစည်ကားလှသည်။

တစ်ဆက်တည်းတွင် မြန်မာ့တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သမ္မတကြီးကို အလေးပြု၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အမျိုးသားသီချင်းကို တီးမှုတ်၊ နိုင်ငံတော်သမ္မတကြီးက ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီးနောက် အလေးပြုခံမည့်နေရာသို့ ပြန်လည်ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတကြီးက လွတ်လပ်ရေးအောင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တပ်မတော်အလံကိုင်တပ်ဖွဲ့က အောင်မင်္ဂလာမဏ္ဍပ်ရှေ့သို့ သယ်ဆောင်လာကြသည်။ နိုင်ငံတော်အလံကို အလေးပြုရန်အတွက် နိုင်ငံတော်သမ္မတကြီးနှင့်ဧည့်သည်တော်များ မတ်တပ်ရပ်လိုက်ချိန်တွင် အမြောက်သုံးချက်ပစ်ဖောက်သည်။ ထို့နောက် နိုင်ငံတော်သီချင်းတီးမှုတ်ခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်များအား အလေးပြုခြင်းတို့ကို ဆောင်ရွက်ပြီးသောအခါ နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းပြောကြားခဲ့သည်။

မိန့်ခွန်းပြောကြားပြီးနောက် သမ္မတကြီးရှေ့မှောက်တွင် တိုင်ကြားပေးသော အဓိဋ္ဌာန်ပြုစာတမ်းကို လူထုပရိသတ်ကြီးက လိုက်ဆိုကြချိန်တွင် လူထုအသင်းအဖွဲ့များက နိုင်ငံတော်သမ္မတကြီးအား ချီတက်အလေးပြုကြသည်။ ဦးစွာနိုင်ငံတော်အလံကိုင်အဖွဲ့၊ အဖွဲ့ပေါင်းစုံအလံကိုင်အဖွဲ့များက ဦးဆောင်ချီတက်လာကြပြီး ရန်ကုန်မြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ချီတက်အလေးပြုကြသည်။ ထိုအထဲတွင် စိတ်ဝင်စားဖွယ်အကောင်းဆုံးမှာ နန်ယန်တရုတ်အမျိုးသားအထက်ကျောင်းမှ ကျောင်းသူလေးများက ပန်းစည်းများကိုင်၍ တေးသီချင်းများသီဆိုပြီး ညီညီညာညာ သရုပ်ဖော်ခဲ့သည့် ပြကွက်များမှာပရိသတ်အကြိုက်ဆုံးဖြစ်ခဲ့သည်။ ဝါကျုံကျောင်းကလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

ထို့နောက် လူမှုဝန်ထမ်းအဖွဲ့အစည်းများ ဖြစ်ကြသော အမျိုးသမီးကင်းထောက်ကောင်စီ၊ အမျိုးသားကင်းထောက်ကောင်စီ၊ မြန်မာပြည်ကြက်ခြေနီအသင်း၊ ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်ဖွဲ့၊ နိုင်ငံတော်ကြံ့ခိုင်ရေးကောင်စီ၏ သရုပ်ဖော်ကားကြီးများ၊ သူနာပြုထမ်းစင်များကိုင်သောအဖွဲ့များ၊ ပြည်ထောင်ထူထောင်အံ့ဟူသော စာလုံးကြီးများ ကိုင်ဆောင်လာသည့် ဝန်ထမ်းတပ်များ စသည့်အဖွဲ့များက ချီတက်အလေးပြုကြသည်။

ထို့အပြင် ဝန်ကြီးဌာနများ၊ လက်အောက်ခံဌာနများ၊ ဘုတ်နှင့် ကော်ပိုရေးရှင်းများအပါအဝင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန အလုပြကားများက စပါး၊ မြေပဲ၊ ကြံပင်စိုက်ပျိုးနည်းများဖြင့် သရုပ်ဖော်ကြသည်။ သစ်လုပ်ငန်းအဖွဲ့က သစ်ဆုံဆည်ကြီးများဖြင့် သရုပ်ဖော်ပြီး မြေကျေးရှင်းအဖွဲ့က ချည်မျှင်ရှည်ဝါ၊ ဂုံလျှော်၊ ရော်ဘာ စိုက်ပျိုးခြင်း သရုပ်ဖော်ပန်းချီများဖြင့် ချီတက် အလေးပြုကြသည်။ သစ်တောအဖွဲ့က ဆင်ရုပ်ကြီးများဖြင့် ကျွန်းသစ်လုံးများ ဆွဲလာဟန်၊ သစ်စက်များ၊ ဆန်စက်များ၊ စပါးပင်များ၊ ဆန်အိတ်များစသည်ဖြင့် သရုပ်ဖော်ဟန်များဖြင့် ချီတက်အလေးပြုကြသည်။ရန်ကုန်ဆိပ်ကမ်းအဖွဲ့က မော်တော်ယာဉ်များ၊ ကရိန်းကားများဖြင့် ချီတက်အလေးပြုကြသည်။ အိုးအိမ်အဖွဲ့က တိုက်တာအဆောက်အအုံပုံစံများ၊ သမဝါယမဝန်ကြီးဌာနက သမဝါယမအလံအရောင်ကိုလိုက်၍ အင်္ကျီဆင်တူ၊ လုံချည်ဆင်တူဝတ်ကာ ချီတက် အလေးပြုကြသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန၏ ရုပ်ရှင်မြှင့်တင်ရေးအဖွဲ့က ရိုက်ကူးသောဇာတ်ကားများတွင် ပါဝင်သောအခန်းများကို မော်တော်ယာဉ်ပေါ်မှ လူကိုယ်တိုင် သရုပ်ဖော်ကြရာတွင် မောင်ဒီဇာတ်ကားမှ ဇာတ်လိုက် မောင်ဗမာစိန်မောင်က အင်အားကြီးမားကြောင်းပြသသည့် သဘောဖြင့် ကျွဲရိုင်း၏ချိုကို တွန်းထိုးသောဟန်ဖြင့် သရုပ်ဖော်ပြခဲ့သည်။ ထို့အပြင် ဒီဇယ်မီးရထားစက်ခေါင်းနှင့် လူစီးတွဲတစ်တွဲ ချိတ်ဆက်ဟွန်းတီးပြခဲ့သည်။ သင်္ဘောကြီးတစ်စင်းဖြင့်လည်း အလေးပြုခဲ့ကြသည်။ မြူနီစီပယ်ရဲများ၊ မီးသတ်ရဲဘော်များ၊ သန့်ရှင်းရေးလုပ်သားများလည်း ပါဝင်ချီတက်အလေးပြုကြသည်။ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် မြန်မာ့ဂုဏ်ကိုမြှင့်တင်ပေးခဲ့ကြသော အားကစားမောင်မယ်များကလည်း အလှသရုပ်ဖော်ကားကြီးများဖြင့် ချီတက်အလေးပြုခဲ့သေးသည်။ နိုင်ငံရေးပါတီအသီးသီးနှင့် ပြည်သူ့ရဲဘော်အဖွဲ့တို့လည်းပါဝင်ခဲ့သည်။ နောက်ဆုံးတွင် ပြည်တွင်း စက်မှုလက်မှုကုမ္ပဏီ အသင်းအဖွဲ့ပေါင်း ၆၀ တို့က အလှပြကားကြီး ၈၁ စင်းဖြင့် ဆိုင်ရာစက်မှုလုပ်ငန်းများနှင့် လက်မှုလုပ်ငန်းများကို သရုပ်ဖော်အလှပြကားများဖြင့်တင်ကာ ပါဝင်ခဲ့သည်။ လူထုစီးကရက်ကုမ္ပဏီ ပုံစံတူစီးကရက်လိပ်ကြီးများကို ထမ်း၍ကြီးကျယ်ခမ်းနားစွာ ပါဝင်ဆင်နွှဲသည်။ ထို့အပြင် ရှမ်းလောင်းလှေကြီးကို လှော်ခတ်သရုပ်ဖော်ပုံလည်းပါသည်။ ကရင်ဒိုးယိမ်းအက၊ ကချင်မနောအက၊ ကယားကိန္နရာအက၊ ချင်းတောင်သူများ၏ဘဝသရုပ်တို့ကို လူကိုယ်တိုင် သရုပ်ဖော်သွားခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတကြီး ပြန်လည်ကြွချီပြီး လွတ်လပ်ရေးအောင်ပွဲသဘင် ဗိုလ်ရှုခံအခမ်းအနားကြီးပြီးဆုံးခဲ့သည်။ ယခုအခမ်းအနားကြီးသည် ကျွန်ုပ်အနေဖြင့် ပထမဆုံးကြည့်ရှုခွင့်ရသော အခမ်းအနားကြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြီးမားဆုံးပွဲသဘင်တစ်ခုဟု ဆိုနိုင်သည်။ အစ်ကိုဖြစ်သူက "ဒီနှစ်ဟာ အရင်ကျင်းပခဲ့တဲ့နှစ်တွေနဲ့မတူဘဲ လူထုလူတန်းစားအလွှာစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ လုပ်ငန်းပေါင်းစုံတို့ စုံစုံညီညီပြတဲ့ပွဲပဲ" ဟု ပြောပြသည်။ အခမ်းအနားကြီးသာပြီးစီးသွားသည် ကျွန်ုပ်တို့ဖခင် ဘယ်အဖွဲ့၊ ဘယ်နေရာမှာပါဝင်သွားသည် ကို ညီအစ်ကိုနှစ်ယောက် မသိလိုက်တော့ချေ။ ညပိုင်းအိမ်သို့ ဖခင်ပြန်ရောက်ပြီးနောက် ဖခင်အတွေ့အကြုံ၊ ကျွန်ုပ်တို့ အတွေ့အကြုံများကို ပြန်လည်ပြောပြကြဦးမည်ဟု စိတ်ကူးထားပြီး ညစာထမင်းဝိုင်းတွင် ဖခင်နှင့်ပြန်လည်ပြောဆိုခဲ့ကြသည်။ ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်အံ့သြခြင်း၊ ပျော်ရွှင်ခြင်းများဖြင့် ဗိုလ်ရှုခံမှနေအိမ်သို့ ပြန်လာခဲ့ကြပုံများမှာ နှစ်ပေါင်း ၅၀ ကြာပြီးမှ ယခု ဗိုလ်ရှုသဘင်ပြန်လည်ကျင်းပတော့မည်ဆိုသောကြောင့် အတိတ်က လွတ်လပ်ရေး အောင်ပွဲသဘင်ကို ပြန်လည်သတိရ ဖောက်သည်ချလိုက်ရခြင်းဖြစ်ပါသည်။ ။

> **မြို့တော်သူ မြို့တော်သားများနှင့်ကျောင်းသား ကျောင်းသူလေးများက လမ်းနှစ်ဖက်စီတန်းလျက် သောင်းသောင်းဖြဖြနှုတ်ဆက်ကြ၊ ကောင်းချီးသြဘာပေးကြနှင့် အားရဖွယ်ကောင်းလှသည်။ နိုင်ငံတော်သမ္မတကြီးကျန်းမာပါစေ၊ ဝန်ကြီးချုပ်ကျန်းမာပါစေ၊ လွတ်လပ်ရေးကြီးတည်မြဲပါစေ စသည့် ကြွေးကြော်သံ၊ ဆုမွန်ကောင်းတောင်းသံများမှာ သောသောညံခဲ့။**

# (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား အောင်မြင်ခမ်းနားစွာကျင်းပနိုင်ရေး စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား အောင်မြင်ခမ်းနားစွာကျင်းပနိုင်ရေးအတွက် ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** ဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားရာတွင် မိမိတို့ အစိုးရသစ်လက်ထက်တွင် ဗိုလ်ရှုခံအခမ်းအနားကို ပထမဦးဆုံး ကျင်းပခြင်းဖြစ်၍ သိုက်သိုက်ဝန်းဝန်းဖြင့် စည်စည်ကားကား ဆောင်ရွက်လိုပါကြောင်း၊ ဆပ်ကော်မတီအနေဖြင့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ကြိုဆိုနေရာချထားရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ကိုယ်စားလှယ်များ စစ်ကြောင်းများဖြင့် ချီတက်အလေးပြုရာတွင်ပါဝင်နိုင်ရေးနှင့် အခမ်းအနားတက်ရောက်ကြမည့် ပုဂ္ဂိုလ်များအား စနစ်တကျနှင့် သတ်မှတ်နေရာများတွင်သတ်မှတ်ချိန်အရောက် နေရာယူနိုင်ရေး ဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း၊ တက်ရောက်မည့် ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်မှုနှင့် တက်ကြွမှုကို ပြသပေးစေလိုပါကြောင်းနှင့်သတ်မှတ်အရေအတွက် ပြည့်မီစွာ ပါဝင်တက်ရောက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီ၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**






# ဗိုလ်ရှုခံအခမ်းအနားနှင့် ပတ်သက်သည့် မှတ်တမ်းအထောက်အထားများ လှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့်အတူ ဗိုလ်ရှုခံအခမ်းအနားကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပါသည်။

ဗိုလ်ရှုခံအခမ်းအနားနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး သတင်းစာနှင့်ရုပ်မြင်သံကြားအစီအစဉ်များတွင် ပြန်လည်ဖော်ထုတ်ပြသသွားမည်ဖြစ်သည့်အတွက် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျင်းပခဲ့သည့် ဗိုလ်ရှုခံအခမ်းအနားဆိုင်ရာ ဓာတ်ပုံမှတ်တမ်းများ၊ အသံဖိုင်များ၊ ရုပ်ရှင်မှတ်တမ်းများ၊ အခြားသော အထောက်အထားများကို ဗိုလ်ရှုခံအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေးဆပ်ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့် ဖုန်း ၀၆၇-၄၁၂၂၄၂၊ အီးမေးလ်-myintkyaw103@ gmail.com သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဗိုလ်ရှုခံအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး**
**ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေး ဆပ်ကော်မတီ**

# ကမ္ဘာလှည့်ခရီးသည်များ အပျော်စီးသင်္ဘောဖြင့်လာရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ဒီဇင်ဘာ ၁၃ ရက် ည ၇ နာရီတွင် ရန်ကုန်ဆိပ်ကမ်း၌ အမေရိကန်နိုင်ငံ MV Azamara Quest အပျော်စီးသင်္ဘောဖြင့် ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည်များအား ညစာခံပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ နေပြည်တော်၌ အာဆီယံခရီးသွားလုပ်ငန်း ဆွေးနွေးပွဲများနှင့် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာပြခန်း ၄၈၀ ခန့်ဖြင့် ခရီးစဉ်ဆွဲဆောင်မှုပြပွဲများနှင့် ခရီးစဉ်ရောင်းဝယ်မှုအစီအစဉ်များကို ခင်းကျင်းပြသမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်း ကုမ္ပဏီ ၁၅၈၅ ခုတွင် နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် နိုင်ငံခြားနှင့် မြန်မာဖက်စပ်ကုမ္ပဏီ ၃၁ ခု၊ နိုင်ငံသားပိုင် ကုမ္ပဏီ ၁၅၅၃ ခုရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# အသိပေးကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင်စစ်ရေးပြအခမ်းအနားအတွက် တပ်ပါ အစအဆုံးလေ့ကျင့်မှု၊ ဝတ်စုံပြည့်လေ့ကျင့်မှုများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ (၂၄၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀) ရက်များနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါနေရာ ငါးခု၌ နံနက် ၄ နာရီမှ ၁၀ နာရီထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါသည်-

-ရာဇဌာနီလမ်း၊ ရုံးအမှတ်(၂၇)၊ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးထိပ်
-ရာဇဌာနီလမ်း၊ ရုံးအမှတ်(၁၈)၊ ထွက်ပေါက်လမ်းဆုံ
ဇေယျဌာနီလမ်း၊ ရုံးအမှတ်(၅)၊ပို့ဆောင်ရေးဝန်ကြီးဌာနရုံးရှေ့
-ဇေယျဌာနီလမ်း၊ ရုံးအမှတ်(၃၈)အနီး
-ရာဇဌာနီလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းနှင့်ကြာပန်းအဝိုင်းအကြား

အဆိုပါလမ်းများခေတ္တပိတ်ထားစဉ် ဝန်ကြီးဌာနများမှ ဝန်ထမ်းကြို/ပို့မော်တော်ယာဉ်များနှင့် ပုဂ္ဂလိက ကိုယ်ပိုင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များသည် ရာဇသင်္ဂဟလမ်း၊ ပဏ္ဍိတလမ်း၊ ဇဝနလမ်းများအတိုင်း ပြောင်းလဲအသုံးပြုပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လုံခြုံရေးကော်မတီ**

# အတိုးကြိုတင်ရ အချိန်ပိုင်းအပ်ငွေလုပ်ငန်းစတင်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

CB Bank က ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား ဘဏ်တွင် ငွေအပ်နှံခြင်းဖြင့် အကျိုးစီးပွား တိုးတက်စေရန် ရည်ရွယ်၍ အတိုးကြိုတင်ရ အချိန်ပိုင်းအပ်ငွေ (Instant Fixed Deposit) ဝန်ဆောင်မှုလုပ်ငန်းများ ယနေ့စတင်ပြုလုပ်ပြီဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားကို CB Bank ရုံးချုပ်၌ ကျင်းပရာ ဒုတိယဥက္ကဋ္ဌနှင့်အုပ်ချုပ်မှုအမှုဆောင်အရာရှိချုပ် ဦးကျော်လင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး**(အောက်ပုံ)** ဒုတိယအထွေထွေမန်နေဂျာ ဦးဇေယျာကျော်က အတိုးကြိုတင်ရအချိန်ပိုင်းအပ်ငွေ ဝန်ဆောင်မှုအသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အတိုးကြိုတင်ရအချိန်ပိုင်းအပ်ငွေသည် အပ်နှံသောငွေပမာဏနှင့် အပ်နှံကာလအလိုက် အတိုးကို ကြိုတင်ထုတ်ပေးမည်ဖြစ်သည်။ အပ်နှံငွေထုတ်ယူခြင်းနှင့် အပ်နှံငွေ သက်တမ်းတိုးခြင်းကိုမူ အပ်နှံကာလ ပြည့်ရောက်မှသာ ဆောင်ရွက်ပေးပြီး သက်တမ်းတိုးပြီးလည်း ဆက်လက်အပ်နှံနိုင်သည်။ အတိုးနှုန်းများမှာ အတိုးကြိုတင်ရ အချိန်ပိုင်းအပ်ငွေ အရခြောက်လအတွက် အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး တစ်နှစ်အတွက် အတိုးနှုန်းမှာ ၉ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။



ငွေအပ်နှံသူများအတွက် မိမိအပ်နှံသောကာလအလျောက် အတိုးကြိုတင်ရယူခြင်း၊ မိမိစုဆောင်းငွေပေါ်တွင် အတိုးကြိုတင်ရယူနိုင်ခြင်းကြောင့် စုဆောင်းမှုပေါ်တွင် ချက်ချင်းအကျိုးခံစားခွင့်ရခြင်း၊ ဘဏ်နှင့်နှစ်ဦးနှစ်ဖက်အကျိုးတူဆောင်ရွက်ခြင်းမှ အကျိုးမျှဝေခံစားနိုင်ခြင်း၊ အပ်နှံကာလပြည့်လျှင် ငွေစုဘဏ်စာရင်းသို့ အလိုအလျောက် စာရင်းပြောင်းထည့်သွင်းပေးခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်သည်။

အတိုးကြိုတင်ရအချိန်ပိုင်းအပ်နှံသူများကို ငွေစုလက်မှတ်ထုတ်ပေးပြီး အပ်နှံငွေပမာဏအရ အပ်နှံငွေကာလအလိုက် အတိုးတွက်ချက်ပြီး ကြိုတင်ထုတ်ပေးမည် ဖြစ်သည်။ ငွေအပ်နှံသူသည် အသက်(၁၈)နှစ်ပြည့်သူဖြစ်ရမည်ဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင်၊ အဖွဲ့အစည်းဆိုလျှင် သက်ဆိုင်ရာအဖွဲ့အစည်းစာရွက်စာတမ်းများဖြင့် သိန်းဂဏန်းအလီလီ အပ်နှံနိုင်သည်။ သက်တမ်းထပ်မံတိုးလိုပါကလည်း ဆက်လက်သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အပ်နှံငွေများကို သက်တမ်းမပြည့်မီထုတ်လိုပါက အပ်နှံငွေမှအတိုးကို ပြန်လည်နုတ်ယူမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြစိမ်းရောင်စီမံကိန်း ဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်

**ကွမ်းခြံကုန်း ဒီဇင်ဘာ ၁၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေ(အရင်းမပျောက်လည်ပတ်ရန်ပုံငွေ) ကျပ်သိန်း ၃၀၀ စီ မတည်ပေးသော မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအဖြစ် ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သဇင်(ကွမ်းခြံကုန်း)**

ပြည်တွင်းရေးရာ

☆ ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် သူရသက်ဆွေနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၄၈၀၆) ဗိုလ်လောင်း နိုင်ဝင်းထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၄၉၄၆) ဗိုလ်လောင်း ခိုင်ကျော်လင်း၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၄၆၈၅) ဗိုလ်လောင်းကျော်သက်ထွန်းတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများ ပင်ပန်းကြမ်းတမ်းသည့် တာဝန်မျိုးစုံကို အချိန်အခါမရွေး ထမ်းဆောင်နိုင်ရန် အတွေ့အကြုံနုနယ်သေးသည့် စစ်မှုထမ်းများမှစ၍ အဆင့်အတန်းအားလုံးကို ကျန်းမာကြံ့ခိုင်အောင် စားသောက်နေထိုင်မှုနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအကျိုးသက်ရောက်မှုဖြစ်ထွန်းအောင် စိုက်ပျိုးစားသောက်နိုင်စေရေး ပညာပေးမှုများလည်း ထိထိရောက်ရောက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုလျှင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ပြည်သူအများ ကျန်းမာနေပါမှ စွမ်းရည်မြင့်အလုပ်လုပ်နိုင်ပြီး နိုင်ငံတော်ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အမျိုးဘာသာသာသနာ စသည့် နိုင်ငံ့စွမ်းအားများ အဘက်ဘက်ကတိုးတက်ကာ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ပြည်သူ့တပ်မတော်သား ရဲဘော်တို့အနေဖြင့် တိုင်းရင်းသားအားလုံးကို လူမျိုးမရွေး၊ ဘာသာမရွေး ကျန်းမာရေးစောင့်ရှောက်မှုအတွက် မေတ္တာ၊ စေတနာ၊ အကြင်နာတရားတို့နှင့် နွေးထွေးစွာ ကုသစောင့်ရှောက်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် မဟာဗျူဟာကျသည့် တည်နေရာကို ပိုင်ဆိုင်ထားသည့်အပြင် တိုင်းရင်းသားလူမျိုးစုများစွာ စုပေါင်းနေထိုင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံတော်လည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်းတွင်ရှိသည့် တိုင်းရင်းသားလူမျိုးအားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ်ရှိရန် အထူးလိုအပ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်မရှိလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည်လည်း ဆုံးရှုံးသွားမည်ဖြစ်ကြောင်း၊ **တိုင်းရင်းသားပြည်သူအားလုံးသည် တလုံးတစည်းတည်း၊ တညီတညွတ်တည်းနှင့် တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး စစ်မှန်သည့် မျိုးချစ်စိတ်နှင့် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သွားကြရန်လိုကြောင်း။**

**ယနေ့နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းကြောင်းခိုင်မာရန်အတွက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်အတွက် တပ်မတော်က အမျိုးသားရေးမူအနေဖြင့် ခံယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ပြည်ထောင်စုတပ်မတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားပြည်သူများနှင့် တစ်သားတည်းရှိရန် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားလုံခြုံဖွံ့ဖြိုးတိုးတက်ရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)

ယနေ့ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်ပြားလာမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေကြရကြောင်း၊ ယခုနှစ် မိုးရာသီကာလတွင် မိမိတို့နိုင်ငံအတွင်း အချို့ဒေသများ၌ ရေကြီးရေလျှံမှု၊ မြေပြိုမှုဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရသည့်အတွက် တပ်မတော်က ကယ်ဆယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အလိုက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတကာတွင် သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် စနစ်တကျ လျင်မြန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်သည့်အဖွဲ့အစည်းသည် တပ်မတော်သာဖြစ်သည်ဆိုခြင်းကို နိုင်ငံအသီးသီးကလက်ခံပြီး သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် နိုင်ငံအသီးသီးက တပ်မတော်သားများ ညှိနှိုင်းပေါင်းစပ်ပြီး ရှာဖွေကယ်ဆယ်ရေး၊ အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့်လည်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွေ့အကြုံများ၊ နိုင်ငံတကာဆွေးနွေးပွဲနှင့် လေ့ကျင့်မှုအတွေ့အကြုံများကို အခြေခံပြီး လိုအပ်လာလျှင် နိုင်ငံတကာက တပ်မတော်များနှင့်အတူ လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်မှုစစ်ဆင်ရေး (HADR Operations)များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်လေ့ကျင့်ထားရမည်ဖြစ်ကြောင်း။

၂၁ ရာစုခေတ်တွင် နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံမှု၊ လူဦးရေသိပ်သည်းဆမြင့်မားလာမှုများကြောင့် ကူးစက်မြန်ရောဂါများ၏ စိန်ခေါ်မှုသည်လည်း မြင့်မားလာခဲ့ကြောင်း၊ အနောက်အာဖရိကတွင် စတင်ခဲ့သည့် အီဘိုလာဗိုင်းရပ်(စ်)သည် အာဖရိကဒေသအတွင်းသာ ကူးစက်ပြန့်ပွားလျက်ရှိသော်လည်း ကမ္ဘာတစ်ဝန်းလုံးကို ခြိမ်းခြောက်လျက်ရှိကြောင်း။

ထိုရောဂါဆိုးများကို တိုက်ဖျက်ရန် တိုးတက်ဆန်းသစ်ပြောင်းလဲနေသည့် ဆေးကုသမှုဆိုင်ရာ စက်ပစ္စည်းကိရိယာများ၊ ဆေးပညာကုထုံးများကို အမြဲမပြတ် လေ့လာဆည်းပူး၍ သုတေသနပြုမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့် ပြည်သူများနှင့် တပ်မတော်သားများက အားကိုးရသည့် တပ်မတော်သား ဆေးပညာရှင်များဖြစ်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေရန်လိုကြောင်း။

မျက်မှောက်ခေတ်စစ်ပွဲများသည် ဘက်စုံစစ်ပွဲအသွင်နှင့် မျှော်မှန်းမထားသည့်အချိန်တွင် မြော်တွေးမထားသော နည်းလမ်းများကို အသုံးပြုပြီး လက်ဦးမှုရယူတိုက်ခိုက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့တိုက်ခိုက်ရာတွင် သမားရိုးကျ လက်နက်ခဲယမ်းများနှင့်သာမက တားမြစ်ထားသည့် ဓာတု၊ ဇီဝလက်နက်များနှင့် ရင်ဆိုင်ရသည့်အခါ ကာကွယ်တုံ့ပြန်နိုင်မည့် နည်းလမ်းများ၊ စမ်းသပ်စစ်ဆေးကုသသည့် နည်းလမ်းများကိုပါ ကြိုတင်မြော်တွေးပြင်ဆင်ထားရန်လိုကြောင်း၊ တပ်မတော်တစ်ရပ်သည် လက်နက်နည်းပညာ ခေတ်မီတိုးတက်ပြီး စစ်ရေးစွမ်းအား (Military Might) ရှိနေရုံသာမက တပ်မတော်သားတိုင်းသည် ကျန်းမာကြံ့ခိုင်ပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ကဏ္ဍသည်လည်း အရေးကြီးကြောင်း။

စစ်ဘက်ဆရာဝန်များဖြစ်သည့် ရဲဘော်တို့သည် ခေါင်းဆောင်ငယ်များပီပီ စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တလည်း ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ **စစ်သည်တော်ကျင့်ဝတ်သည် တပ်မတော်သားတစ်ဦးအတွက် အကျင့်သီလ ဖြစ်သည့်အတွက် စစ်သည်တော်ကျင့်ဝတ်မရှိသည့် စစ်သည်တစ်ဦးသည် စစ်သားကောင်းတစ်ဦး မဖြစ်နိုင်သကဲ့သို့ စစ်သည်တော်တစ်ဦးချင်းဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်သည်လည်း စစ်သည်များ ကျင့်ဝတ်သီလမရှိလျှင် ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်ဖြစ်ကြောင်း၊ တပ်မတော်သည်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်ခြင်းကြောင့် အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမွန်မှုသည် တပ်မတော်၏ အသက်ခန္ဓာပင်ဖြစ်**ကြောင်း၊ စည်းကမ်းနှင့်ပတ်သက်လာလျှင် အသေးအဖွဲကအစ တိတိကျကျလိုက်နာရန်လိုကြောင်း၊ ၂၁ ရာစု၏ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် အမြဲတမ်းလေ့ကျင့်၊ အမြဲတမ်းစစ်ရေးသတိရှိပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေရမည်ဆိုသည့် မြဲသုံးမြဲနှင့်အညီ လုပ်ဆောင်သွားကြရမည်ဖြစ်သကဲ့သို့ ဆေးပညာရပ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိရန် ပညာရပ်ဆိုင်ရာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးရင်း တပ်မတော်အရာရှိ ဆေးပညာရှင်ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် လိုကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ဦးထိပ်ပန်ဆင်ပြီး သမားကောင်းသာမက တပ်မတော်ခေါင်းဆောင်ကောင်းများအဖြစ်ပါ တာဝန်ထမ်းဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၆)မှ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ကောင်းမွန်သော စိတ်ဓာတ်၊ စည်းကမ်း၊ အမိန့်နာခံမှုနှင့် ကြိုးစားအားထုတ်မှုများကို ဆက်လက်ထိန်းသိမ်းသွား၍ ရွေးချယ်ထားသည့်ဆေးဘက်ပညာနယ်ပယ်တို့တွင် ထူးချွန်သော သမားကောင်းများဖြစ်ရေးအားထုတ်သွားရန်၊ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာထိခိုက်စေမည့်လုပ်ဆောင်ချက်များကို ဆင်ခြင်တုံတရားဖြင့် သုံးသပ်ဆင်ခြင်ရှောင်ကြဉ်ကာ နိုင်ငံတော်အကျိုး၊ တပ်မတော်အကျိုးကို သစ္စာစောင့်သိကြိုးပမ်းသွားရန်မှာကြားခဲ့သည်။

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့်အဖွဲ့သည် တပ်မတော်ဆေးတက္ကသိုလ်၊ သမားဇာနည်အောင်စစ်သည် ပြခန်းအား လှည့်လည်ကြည့်ရှုလေ့လာရာ သက်ဆိုင်ရာ နည်းပြအရာရှိများက ရှင်းလင်းတင်ပြမှုအပေါ် အသုံးချရန် ဝယ်ယူတပ်ဆင်ပေးထားပြီးငွေကြေးနှင့် တန်ဖိုးဖြတ်၍ မရနိုင်သော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများနှင့် ဆေးဝါးများကို အကျိုးရှိစွာ အသုံးချရန်နှင့် ကျန်းမာရေး အသိပညာများကို ပြည်သူလူထုသိရှိနိုင်ရေး မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြနိုင်ရေးဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

✻ အခြေခံမှ

ရောင်းချမှုမရှိစေရန် ကျောင်းကျန်းမာရေးမှ ရှောင်တခင်နှင့် စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကောက်ညှင်း၊ ဆန် စသည်တို့ဖြင့် ပြုလုပ်ထားသော အာဟာရပြည့်ဝသည့် ရိုးရာအစားအစာများကိုသာ ပိုမိုဦးစားပေးရောင်းချရန်ကိုလည်း တိုက်တွန်းကြပ်မတ်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

"အသင့်စား အစားအစာတွေကို အခုနောက်ပိုင်း ကလေးတွေ တော်တော်များများ စားလာကြတယ်။ အသင့်စားအစားအစာတွေ၊ ခေါက်ဆွဲခြောက်တွေမှာပါတဲ့ ဓာတုဆေးဝါးတွေ၊ တာရှည်ခံအောင် ပြုလုပ်ထားတာတွေ၊ ဆိုးဆေးတွေပါတဲ့ အစားအစာတွေဟာ ကင်ဆာရောဂါအပါအဝင် အခြားရောဂါတွေဖြစ်စေနိုင်တယ်။ ဆရာမတို့ငယ်ငယ်က စားခဲ့တာတွေဟာ အန္တရာယ်ကင်းတဲ့ ရိုးရာမုန့်တွေအများကြီးပါပဲ။ အာဟာရလည်း ပြည့်ဝတယ်။ ရိုးရာမုန့်တွေကို ကလေးတွေလည်း ကြိုက်နှစ်သက်အောင်၊ ရိုးရာမုန့်လေးတွေလည်း တိမ်မြုပ်ပျောက်ကွယ်သွားခြင်း မရှိအောင် အန္တရာယ်လည်းကင်း၊ ကျန်းမာရေးနဲ့လည်းညီတဲ့ မုန့်တွေကို ဦးစားပေးရောင်းချဖို့ တွန်းအားပေးထားပါတယ်။ ကျောင်းမုန့်ဈေးတန်းတွေကိုလည်း အမြဲစစ်ဆေးကြပ်မတ်နေပါတယ်။ ကျောင်းကျန်းမာရေး လှုပ်ရှားမှုလည်းရှိတဲ့အတွက် စစ်ဆေးဆောင်ရွက်နေပါတယ်"ဟု ကျောင်းကျန်းမာရေးဆရာဝန်ကြီးတစ်ဦးက ပြောသည်။

မြန်မာ့ရိုးရာ အစားအစာများကို ဈေးများ၊ စားသောက်ဆိုင်ကြီးများ၊ ဈေးဝယ်စင်တာကြီးများတွင် အထူးသန့်ရှင်းစွာပြုလုပ်၍ ပြည်တွင်းစားသုံးသူများအပြင် အလည်အပတ်လာရောက်သော နိုင်ငံခြားသား ဧည့်သည်များပါ စားသုံးနိုင်ရန်အတွက် ရောင်းချလျက်ရှိသော်လည်း ကျောင်းပတ်ဝန်းကျင်များတွင် ရောင်းချမှုနည်းပါးသွားလျက်ရှိကြောင်း၊ အသင့်စား မုန့်ထုပ်များ၊ လှပစွာထုပ်ပိုးထားသော အသင့်စား မုန့်အမျိုးမျိုးနှင့် ခေါက်ဆွဲခြောက်များကို ကလေးငယ်များစားသုံးမှု များပြားလာကြောင်း၊ ယင်းကြောင့် ရိုးရာအစားအစာများဖြစ်သည့် မုန့်အမျိုးမျိုးကို ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချရန်အတွက် တိုက်တွန်းဆောင်ရွက်နေခြင်းဖြစ်ပြီး ဆိုးဆေးပါသော စားသုံးရန်မသင့်သည့် အစားအစာများနှင့် အသင့်စား ရယ်ဒီမိတ်အစားအစာများကို ရောင်းချခြင်းမပြုရန်ကိုလည်း စစ်ဆေးကြပ်မတ်လျက်ရှိသည်ဟု သိရသည်။

**(၀၀၁)**

■

# မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ပဲခူး ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနလက်အောက်ရှိ ပဲခူးမြို့နယ်ဦးစီးဌာနမှူးရုံးမှ ပဲခူးမြို့ ညောင်အင်းကျေးရွာအုပ်စု ညောင်အင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းက အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်စိုးက နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးခရိုင်ဦးစီးဌာနမှူးက နိုင်ငံသားစိစစ်ရေးကတ် ၃၀၆ ခုကို ပေးအပ်ခဲ့ရာ ညောင်အင်းကျေးရွာအုပ်စု ကျေးရွာသူ ကျေးရွာသားများကိုယ်စား အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

**(၀၇၅)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၏ စုဝေးခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ မြဝတီတေးဂီတနှင့် အငြိမ့်အဖွဲ့၏ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားစဉ်။**

(မြဝတီ)

# ယာဉ်ကြောကျပ်တည်းမှုပြေလျော့စေရန်အတွက် အင်းစိန်မီးရထားခုံးကျော်တံတားတည်ဆောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အင်းစိန်မီးရထားခုံးကျော်တံတားသစ် တည်ဆောက်ရန် ပန္နက်တော်တင်မင်္ဂလာနှင့်တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင်ပြုလုပ်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အထွေထွေ မန်နေဂျာ(မြို့ပြ)၊ မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာချုပ်တို့က မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်တော်များကိုရိုက်ပေးကြသည်။




တံတားသစ်သည် လက်ရှိအင်းစိန်မီးရထားခုံးကျော်တံတားဟောင်းနှင့် ယှဉ်ကပ်လျက် ပင်မတံတားသစ်အား နှစ်လမ်းသွားအကျယ် ၂၈ ပေ၊ အရှည် ၁၅၅၇ ပေ၊ အမြင့် ၁၉ ဒသမ ၄ ပေနှင့် လက်တံတံတားအား တစ်လမ်းသွား အကျယ် ၁၆ ပေ၊ အရှည် ၆၀၇ ပေ စုစုပေါင်းအရှည် ပေ ၂၁၆၀ တို့ဖြင့် ၂၀၁၅ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးမည်ဖြစ်သည်။ တည်ဆောက်ရေးနယ်မြေအတွင်းရှိ မြေအောက်လျှပ်စစ်ကြိုးများ၊ ဆက်သွယ်ရေးကြိုးများဖယ်ရှားရွှေ့ပြောင်းခဲ့ပြီး သံမဏိသံပေါင်များ စတင်ထုတ်လုပ်နေပြီးဖြစ်ကာ ကွန်ကရစ်တံတားပေါင် ၁၄၆ ချောင်းအနက် အချောင်း ၇၀ ထုတ်လုပ်ပြီးစီးနေပြီဖြစ်သည်။ ယင်းတံတားအား မြန်မာ့မီးရထားနှင့် မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီတို့ပူးပေါင်းတည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါတံတားသစ် တည်ဆောက်ရခြင်းမှာ လက်ရှိအင်းစိန်မီးရထားခုံးကျော်တံတားဟောင်း၌ နေ့စဉ်ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်ကြောကျပ်တည်းမှုကိုဖြေလျှော့ရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကူညီဖြေရှင်းဆောင်ရွက်ပေးသည့်အနေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# တောင်သူလယ်သမားများ ဖွံ့ဖြိုးရေး ပုသိမ်တွင် ဘဏ်တည်ဆောက်ပေးနေ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

တောင်သူလယ်သမားများအတွက် တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဘဏ်ကို ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက်တွင်ရှိသော မဟာဗန္ဓုလလမ်းနှင့် မြိုင်ဟေမာလမ်းထောင့်မှ ခြံအမှတ်(၃)၌ တည်ဆောက်နေပြီး တည်ဆောက်မှုကို အကြမ်းဖျင်းသုံးလခန့်မှန်းထားသည်။ ဧရာဝတီတိုင်းဒေသကြီးသည် တောင်သူလယ်သမားများ အများဆုံးတည်ရှိရာ တိုင်းဒေသကြီးဖြစ်သလို နိုင်ငံတော်၏ ဆန်အိုးကြီးသဖွယ်လည်း ထင်ရှားကာ ယင်းကဲ့သို့တည်ဆောက်ပေးခြင်းကြောင့် တောင်သူလယ်သမားများ၏ဘဝ တိုးတက်မြင့်မားရေးအတွက်သာမကဘဲ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းတစ်လျှောက်ရှိ Supply Change တစ်လျှောက်သို့ အကျိုးပြုစေကာ ဒေသခံရေလုပ်ငန်းများအတွက်လည်း အကျိုးရှိစေမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းအစုရှယ်ယာရှင် ၁၆ ဦးတို့၏ မတည်မှုဖြင့် စီစဉ်နေကာ အများပိုင် ဘဏ်အဖြစ် လုပ်ဆောင်သွားနိုင်ရန်စီစဉ်ထားပြီး လာမည့်စိုက်ပျိုးရာသီအမီ လည်ပတ်နိုင်ရန် မျှော်မှန်းထားလျက်ရှိသည်။

လတ်တလောတွင် ဘဏ်အဆောက်အအုံတည်ဆောက်မှုလုပ်ငန်းများ လုပ်ဆောင်နေကာ တည်ဆောက်မှုပြီးစီးသည်နှင့် လုပ်ငန်းလိုင်စင်ရရှိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိပြီးနောက်တွင် အစုရှယ်ယာများကို ထုတ်ရောင်းပေးခြင်းဖြင့် ဒေသခံများက ရှယ်ယာရှင် အဖြစ် ပါဝင်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးငါးခုအတွင်းတွင်သာ ခွင့်ပြုချက်ရသော တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်ကို ဧရာဝတီတိုင်းဒေသကြီးမှ ရှေးဦးစွာ စတင်အကောင်အထည်ဖော်လျက်ရှိပြီး အဆောက်အအုံတည်ဆောက်ရန်အတွက် မြေသန့်ပန္နက်တင်ခြင်းကိုလည်း ယခုလ ၁၆ ရက်က ပုသိမ်မြို့တွင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးမြို့တော်ကို အစိမ်းရောင်မြို့တော် (Green City) အဖြစ် တည်ဆောက်ရေးအတွက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် ကိုက်ညီသော လူမှုဘဝလိုအပ်ချက်များ၊ ပြည့်မီသော၊ ပိုမိုတိုးတက်ကောင်းမွန်သော လူမှုဝန်းကျင်ကိုဖန်တီးပေးနိုင်ရန် အစိုးရအဖွဲ့များက မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံခန့်ခွဲမှုနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီအောင်ထိန်းညှိသွားကြရမှာဖြစ်ကြောင်း၊ မန္တလေးမြို့သည် ယဉ်ကျေးမှုမြို့တော်ဖြစ်သည်နှင့်အညီ မိမိတို့ အမွေအနှစ်များဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများကို ထိန်းသိမ်းသွားရမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက (Green City) တည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားကြပြီး ဆွေးနွေးမေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

**ဒီဇင်ဘာ ၁၉ ရက်က မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှား သမ္မတနိုင်ငံ သံတမန်ဆက်သွယ်ခြင်း (၆၅) နှစ်ပြည့်အခမ်းအနားသို့ တက်ရောက်လာသည့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Ito Sumardi နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)



# အရိုးပေါ် အရွက်မလွှမ်းသော မြန်မာ့တိုင်းရင်းဆေးစွမ်းများ

ဒေါက်တာ ဝင်းငွေအောင်

တိုင်းရင်းဆေးပညာဟူသည် မိမိတို့နိုင်ငံတစ်ခုတည်းတွင်သာရှိသော ပညာရပ်မဟုတ်ပါ။ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် မိမိတို့နိုင်ငံနှင့် သက်ဆိုင်သော တိုင်းရင်းဆေးပညာရပ် အသီးသီးရှိကြပါသည်။ သက်ဆိုင်ရာနိုင်ငံများ၏ မိရိုးဖလာကုသထုံးများလည်း ဖြစ်ခဲ့ကြသည်။ မြန်မာ့တိုင်းရင်းဆေးပညာရပ်သည်လည်း ရှေးမြန်မာများ၏ ကုထုံးအသီးသီးကို လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ပြီး ရိုးရာအမွေအနှစ်တစ်ခုအဖြစ် ယနေ့တိုင် တည်ရှိခဲ့ရခြင်း ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲများ၏ ချီးမြှင့်အားပေးမှု၊ တိုင်းရင်းဆေးပညာလောကမှ သမားတော်ကြီးများ၏ လက်ဆင့်ကမ်းသယ်ဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် အဓွန့်ရှည်တည်တံ့ခဲ့ခြင်းဖြစ်ပါသည်။ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တိုင်းရင်းဆေးဝါးများ စနစ်တကျထုတ်လုပ်နိုင်ရေးအတွက် ထိန်းသိမ်းထားရှိခြင်း၊ တိုင်းရင်းဆေးသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေးဟောင်း ပေ၊ ပုရပိုက်များမှ မူရင်းတိုင်းရင်းဆေး စာပေများကို အီလက်ထရွန်နစ်မှတ်တမ်း၊ စာအုပ်မှတ်တမ်းများအဖြစ် မှတ်တမ်းတင်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် သက်ဆိုင်ရာ တိုင်းရင်းဆေးပညာရပ်များအား အရိုးကိုအရွက်မဖုံးစေဘဲ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ယဉ်ကျေးမှုအမွေအနှစ်ကို မပျောက်မပျက် ထိန်းသိမ်းခြင်းဖြစ်ပါသည်။ တိုင်းရင်းဆေးဝါးများကိုမူ ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်လာခဲ့ကြပါသည်။ သဘာဝဆေးပင်ဆေးမြစ်များကို အမှုန့်အဖြစ် အသုံးပြုရာမှ တစ်ဆင့် ဆေးပြား၊ ဆေးတောင့်၊ ဆေးလုံးများအဖြစ် ပြုပြင်ထုတ်လုပ်လာပြီး သောက်သုံးသူ အဆင်ပြေရေးအတွက် ကြိုးပမ်းလာပြီဖြစ်ပါသည်။

သဘာဝတိုင်းရင်းဆေးများသည် ပင်ကိုအားဖြင့် အာနိသင်ထိရောက်မှုရှိသောကြောင့် ရှေးခေတ်လူသားတို့မှသည် ယနေ့ခေတ်တိုင်အောင် သုံးစွဲနေကြရသည်မှာ အငြင်းပွားဖွယ်ရာမရှိပါ။ ဆေးပင်၊ ဆေးပစ္စည်းတို့၏ စစ်မှန်မှု၊ သန့်စင်မှု၊ ဆေးချိန်ဆေးညွှန်း စနစ်တကျဖြစ်ရေးသည်သာ အရေးကြီးသောအချက်ဖြစ်ပေသည်။ ထို့ပြင် ရိုးရာဆေးပင်၊ ဆေးပစ္စည်း၊ သဘာဝသစ်ဥသစ်ဖုတို့ မပျောက်ပျက်စေရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ ထို့အတွက် နိုင်ငံတစ်ဝန်းလုံးတွင် တိုင်းရင်းဆေးဥယျာဉ်များကို နိုင်ငံတော်၏ အစီအစဉ်ဖြင့် ထိန်းသိမ်းစိုက်ပျိုးလျက်ရှိပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာမူလဖြစ်သော နယကြီး(၄)ပါးကို မဏ္ဍိုင်ပြုသော တိုင်းရင်းဆေးပညာသင်ကြားမှုကိုလည်း မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်ကြီးတွင် ထိထိရောက်ရောက် သင်ကြားပေးလျက်ရှိပြီး တိုင်းရင်းဆေးသမားတော်များကို နှစ်စဉ် စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပေသည်။ တိုင်းရင်းဆေးရုံများ၊ ဆေးကုခန်းများကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် နှစ်စဉ်တိုးချဲ့ဖွင့်လှစ်လျက်ရှိပါသည်။

ယနေ့ခေတ်ကာလသည် ကမ္ဘာ့ရွာဖြစ်တည်မှုနှင့်အညီ မိမိတို့နိုင်ငံတစ်ခုတည်းဖြင့် သီးခြားရပ်တည်၍ မရနိုင်တော့ပါ။ မိမိတို့၏ ပညာရပ်သည်လည်း အာဆီယံနိုင်ငံများအဆင့်၊ ကမ္ဘာ့နိုင်ငံများအဆင့်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်အတွက် စံချိန်စံညွှန်းများနှင့်အညီ တိုက်ညှိဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မိမိတို့၏ ရတနာကို ကမ္ဘာ့ဇတ်ခုံပေါ်တွင်လည်း ရဲရဲဝံ့ဝံ့ပြသနိုင်ရန် လိုအပ်ပါသည်။ လက်ရှိအနေအထားအရ အာဆီယံနိုင်ငံများအကြား စံအရည်အသွေးများ တညီတညွတ်တည်းဖြစ်ရေးအတွက် ညှိနှိုင်းကြသည့် လုပ်ငန်းစဉ်များတွင် တိုင်းရင်းဆေးဝါးများနှင့် ပတ်သက်သော စံအရည်အသွေးညှိနှိုင်းမှုကို ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာလျှင် မြန်မာ့တိုင်းရင်းဆေးဝါးများကို မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများတွင်ပါ ဈေးကွက်ချဲ့ထွင်နိုင်မည် ဖြစ်ပါသည်။ မြန်မာ့ဆေးစွမ်းဖြင့် မြန်မာတို့၏ ဂုဏ်သိက္ခာကို တိုးမြှင့်စေနိုင်မည် ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံများတစ်ဝန်းတွင် တိုင်းရင်းဆေးဝါးများသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အဓိကနေရာ၌သော်လည်းကောင်း၊ ဖြည့်စွက်ကုသ ကုထုံးအနေဖြင့်သော်လည်းကောင်း တည်ရှိလျက်ရှိနေပါသည်။ တိုင်းရင်းဆေးပညာရပ်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် တည်ရှိလျက်ရှိပြီး အသုံးပြုသူများမှာလည်း တိုးပွားလျက်ရှိလာပါသည်။ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အရည်အသွေးပြည့်မီသော၊ ဘေးဥပဒ်ကင်းသော၊ ထိရောက်သည့် စွမ်းရည်ရှိသော တိုင်းရင်းဆေးဝါးများဖြင့် ဖြည့်စွက်ကုသမှုများ ဆောင်ရွက်ကုသပေးလျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း ၂၀၀၉ခုနှစ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကြေညာချက် (WHO 62.13) ပေါ်တွင် အခြေတည်၍ ၂၀၀၄-၂၀၂၃ တိုင်းရင်းဆေးပညာဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ အဆိုပါမဟာဗျူဟာတွင် မူလမျှော်မှန်းချက် နှစ်ခုပါရှိသည်။ ပထမအချက်မှာ ပြည်သူအခြေပြုသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေးပညာရပ်နှင့် ကုထုံးများကိုလည်း ထည့်သွင်းသွားနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများကို အကူအညီပေး ဆောင်ရွက်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ တိုင်းရင်းဆေးဝါးထွက်ကုန်များ၊ တိုင်းရင်းဆေးကုထုံးများ၊ တိုင်းရင်းဆေးသမားတော်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းညှိ၍ ဘေးကင်းပြီး ထိရောက်သောကုသမှုများရရှိစေရန်အတွက် အားဖြည့်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ မဟာဗျူဟာမူလမျှော်မှန်းချက် အောင်မြင်စေရေးအတွက် ရည်ရွယ်ချက် သုံးခုထားရှိခဲ့ပါသည်။

(၁) အထောက်အထား အခြေခံသော အမျိုးသားဆိုင်ရာ တိုင်းရင်းဆေးမူဝါဒများ တည်ဆောက်ရန်။
(၂) အန္တရာယ်ကင်းရှင်း၍ အရည်အသွေး ပြည့်မီပြီး ထိရောက်သောကုသမှုများ ရရှိစေရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းချုပ်ဆောင်ရွက်သွားရန်။
(၃) တိုင်းရင်းဆေးကုထုံးများကို လူတိုင်း လက်လှမ်းမီနိုင်သည့် သာတူညီမျှကျန်းမာရေး လွှမ်းခြုံစနစ်အတွင်း တစ်သားတည်း ပါဝင်ဆောင်ရွက်စေရန်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါရည်မှန်းချက်များအပေါ်တွင် အခြေခံ၍ တိုင်းရင်းဆေးပညာဖြင့် ပတ်သက်ပြီး ပြည်သူများ၏ယုံကြည်ကိုးစားမှု ပိုမိုရရှိလာစေရေးနှင့် သိပ္ပံနည်းကျ မှတ်ကျောက်တင်နိုင်သော ပညာရပ်အဖြစ်ပေါ်ပေါက်လာစေရန် ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။ ထို့အတွက် သုတေသနလုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သို့မှသာလျှင် အထောက်အထားအပေါ်တွင် အခြေခံသော(evidence base) ကုထုံးများ ပေါ်ပေါက်လာသကဲ့သို့ အရည်အသွေးပြည့်ဝပြီး ဘေးဥပဒ်ကင်းစင်သော ဆေးဝါးများ ပိုမိုထွက်ပေါ်လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း တိုင်းရင်းဆေးညီလာခံများကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် တစ်ဆယ့်ငါးကြိမ်တိုင်တော့မည်ဖြစ်ပါသည်။ ယင်းသို့ ကျင်းပနိုင်ခြင်း၏ အကျိုးကျေးဇူးများအဖြစ် တိုင်းရင်းဆေးသမားတော်များ၏ စည်းလုံးညီညွတ်မှုကို ပိုမိုရရှိလာခဲ့ခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး မြင့်မားလာခြင်း၊ မြန်မာ့တိုင်းရင်းဆေးအပေါ် ပြည်သူတို့၏ ယုံကြည်အားထားမှု ပိုမိုရရှိလာခြင်း၊ အရည်အသွေးကောင်းမွန်သည့် မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်မှု အရေအတွက် တိုးတက်များပြားလာခြင်း စသည့်အကျိုးကျေးဇူးများရရှိခဲ့ပါသည်။ ယခု ကျင်းပတော့မည့် တိုင်းရင်းဆေးညီလာခံ၏ ရည်ရွယ်ချက်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေးကို အောင်မြင်အောင် ဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်လှပါသည်။

တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ၌ တိုင်းရင်းဆေးလုပ်ငန်းများတွင် အသုံးပြုနေသည့် လက်ရှိကုထုံးများ၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် သင်ကြားနေသည့် ကုထုံးများအား ပြန်လည်ဆန်းစစ်သုံးသပ်၍ အကောင်းမွန်ဆုံးသော မြန်မာ့တိုင်းရင်းဆေးကုထုံးများကို ဆွေးနွေးဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။ နယကြီးလေးပါးစည်းဘောင်အတွင်းမှ ရောဂါသိမှု၊ ကုထုံးသိမှု၊ ဆေးဝါးသိမှုဆိုင်ရာ ဖော်ထုတ်မြှင့်တင်ရေးကို ဆွေးနွေးကြရမည်ဖြစ်ပါသည်။ ထို့အပြင် သမားစဉ်အဆက်ဆက်တို့၏ အောင်မြင်ကျော်ကြားခဲ့သော ကုထုံး၊ ကုကွက်များ၊ ရောဂါရှာဖွေနည်းများ၊ အစွမ်းထက်ဆေးဝါးဆိုင်ရာ ကဏ္ဍများကို စဉ်ဆက်မပြတ် ရှာဖွေဖော်ထုတ်၍ လက်ဆင့်ကမ်းရယူနိုင်ရေးတို့ကိုလည်း ထည့်သွင်းဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြရန်ဖြစ်ပါသည်။

မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သော တိုင်းရင်းဆေးပညာရပ်၏ အရှည်တည်တံ့ခိုင်မာမှုနှင့်အတူ နိုင်ငံတကာတွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို တင့်တင့်တယ်တယ်ပေါ်ပေါက်နေစေရေးအတွက် လုံ့လစိုက်ထုတ်ကြရမည်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ညီတူညီမျှဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက မဝေးလှသော အနာဂတ်တွင် မြန်မာ့တိုင်းရင်းဆေးပညာ၏ ထွန်းလင်းတောက်ပလာမှုကို မြင်တွေ့ကြရမည် ဖြစ်ပါတော့သည်။ ။

**(၁၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကြိုဆိုဂုဏ်ပြုလျက် -**


## တင်ဒါဖိတ်ကြားခြင်း

လူသာရမ်ဝေါဖက်ဒရေးရှင်း(INGO)အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အောက်ပါပစ္စည်းများအား တင်ဒါဖိတ်ခေါ်အပ်ပါသည်။

(1)Student Kits -8778Kits
(2)TLS Teacher Kits -131Kits
(3)NFE Facilitator Kits -35 Kits
(4)NFE Student Kits -305 Kits
(5)First Aid Kits -146 Kits
(6)Hygiene Kit -641Kits

စိတ်ပါဝင်စားသူများသည် တင်ဒါပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် အခမဲ့လာရောက်ထုတ်ယူ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
တင်ဒါထုတ်ယူနိုင်မည့်ရက် -၂၂ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၄မှ ၅ရက်၊ ဇန်နဝါရီလ ၂၀၁၅အတွင်း
တင်ဒါတင်သွင်းရမည့်ရက် -၂၂ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၄မှ ၅ရက်၊ ဇန်နဝါရီလ၂၀၁၅အတွင်း
ဆက်သွယ်ရန်လိပ်စာ
လူသာရမ်ဝေါဖက်ဒရေးရှင်းရုံး(စီမံခန့်ခွဲရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဌာန)
အမှတ်(၄၄)၊ ပြည်လမ်း၊ ဘီးရှော့ဟုမ်းဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့(စိန်ဂေဟာအနောက်ဘက်)
ဖုန်း-၀၁-၃၇၈၀၇၈(လိုင်းခွဲ-၁၀၃/၁၀၄)၊ ၀၉၄၉၃၂၂၃၅၇














## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လွင်မွန်အောင်[၉/အမဇ(နိုင်)၀၂၀၇၈၈]ပိုင်ဆိုင်သော SUZUKI (SWIFT), 2011 Model ၏ Permit No. ISP IDV8 14-15 58358 (03/12/14) မူရင်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၃၈၇၇၇၉

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား အကျိုးတူဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူဆောင်ရွက်နေ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်မှ ချမှတ်ထားသော အမျိုးသားစွမ်းအင် မူဝါဒနှင့်အညီ နိုင်ငံပိုင်စွမ်းအင်လုပ်ငန်းအဖွဲ့အစည်းများကို ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပူးပေါင်းဆောင်ရွက်လာနိုင်မှု စွမ်းရည်မြှင့်တင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာကုမ္ပဏီများနှင့် အကျိုးတူဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် ဝန်ကြီးဌာနအဆင့် လုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ အကျိုးတူဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် Letter of Expression of Interest တင်သွင်းရန် ၁၆-၅-၂၀၁၄ ရက်တွင် စွမ်းအင်ဝန်ကြီးဌာန Website တွင်လည်းကောင်း၊ ၁၇-၅-၂၀၁၄ ရက်မှ ၂၁-၅-၂၀၁၄ ရက်အထိ The New Light of Myanmar သတင်းစာတွင်လည်းကောင်း၊ ၁၆-၆-၂၀၁၄ ရက် ညနေ ၄ နာရီခွဲနောက်ဆုံးထား၍ တင်သွင်းလျှောက်ထားနိုင်ကြောင်း ကြေညာခဲ့ရာ ကုမ္ပဏီ ၂၃ ခု တင်သွင်းခဲ့ပြီး ကုမ္ပဏီ ၂၃ ခုအနက် သတ်မှတ်စံနှုန်း အရည်အချင်းကိုက်ညီသည့် Potential ကုမ္ပဏီ ၁၃ ခုကို Tender ပုံစံများ ဆက်လက်တင်သွင်းအဆိုပြုစေခဲ့ရာ နောက်ဆုံးသတ်မှတ်ရက်တွင် Bangkok Aviation Fuel Services Public Co.,Ltd.၊ PTT Public Co.,Ltd၊ Puma Energy Group Pte.Ltd နှင့် Singapore Petroleum Co., Ltd. ကုမ္ပဏီလေးခုတို့မှ တင်သွင်းအဆိုပြုခဲ့ကြသည်။

အဆိုပြုလွှာတင်သွင်းလာသည့် ကုမ္ပဏီလေးခုအား သတ်မှတ်ထားသည့် စံချိန်စံနှုန်းအရည်အသွေးများနှင့်အညီ ဝန်ကြီးဌာနအဆင့်လုပ်ငန်းကော်မတီမှ စိစစ်ရွေးချယ်ခဲ့ပြီး ဝန်ကြီးဌာနအဆင့် လုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီ၏ စိစစ်အတည်ပြုချက်အရ တင်းဒါအောင်မြင်သူအဖြစ် Puma Energy Group Pte.Ltd နှင့် အရန်ကုမ္ပဏီအဖြစ် PTT Public Co.,Ltd. အား ရွေးချယ်ခဲ့ကာ Puma Energy Group Pte. Ltd နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို အကျိုးတူဖက်စပ်လုပ်ငန်းဆောင်ရွက်ရန်အတွက် သဘောတူစာချုပ်အား အမြန်ဆုံးညှိနှိုင်းချုပ်ဆိုသွားမည်ဖြစ်သည်။

ပြည်တွင်းရှိ ကျန်လေဆိပ်များတွင်လည်း လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို အကျိုးတူဖက်စပ်လုပ်ငန်းများအဖြစ် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



# (၁၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

# ၂၂-၁၂-၂၀၁၄

# နေပြည်တော်

## လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ပညာပေးပိုစတာများ ပေးအပ်

**သုံးဆယ် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် သုံးဆယ်မြို့ လိပ်အင်းကျေးရွာတွင် မြန်မာ့လျှပ်စစ်လုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းသန့်နှင့် လျှပ်စစ်ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၅ ရက်က လိပ်အင်းကျေးရွာရှိ ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် လျှပ်စစ်ဓာတ်အား စနစ်တကျသုံးစွဲတတ်စေရန်အတွက် အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ပညာပေးပိုစတာများကို ပေးအပ်ခြင်းများ ပြုလုပ်ခဲ့သည်။

ယခုကဲ့သို့ ပညာပေးပိုစတာများ ဆောင်ရွက်ပေးခြင်းအတွက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **(၄၉၇)**

# စီးပွားရေးကြော်ငြာဆိုင်းဘုတ်များ ကျသင့်အခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူများအား တရားစွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနယ်နိမိတ်အတွင်း စီးပွားရေးလုပ်ငန်းရှင်များ၏ ကြော်ငြာဆိုင်းဘုတ်များကို စိစစ်၍ သတ်မှတ်ကျသင့်အခွန်ပေးသွင်းစေပြီး စိုက်ထူခွင့် ခွင့်ပြုပေးလျက်ရှိရာ Advertising Technical Management Co.,Ltd.မှ မိုင်တိုင် (၁၉/၀) နှင့် မိုင်တိုင် (၃၅၂/၂-၁) ကြားကြော်ငြာနှစ်ခု Gain City Outdoor Advertising Services (GC) မှ မိုင်တိုင် (၂/၂) နှင့် တောင်ငူလမ်းခွဲတွင် ကြော်ငြာနှစ်ခုတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဆက်လက်စိုက်ထူခွင့်ပြုထားခဲ့သော်လည်း ကျသင့်အခွန်ငွေအား ပေးသွင်းခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ဒီဇင်ဘာ ၂၆ ရက် နောက်ဆုံးထား၍ ကျသင့်အခွန်ငွေပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက အဆိုပါဆိုင်းဘုတ်များအား ဖြုတ်သိမ်းသွားမည်ဖြစ်ပြီး ဖြုတ်သိမ်းကုန်ကျစရိတ်အား ပေးလျော်ရမည့်အပြင် နိုင်ငံတော်အခွန်ငွေရရှိရေးအတွက် ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အသားကင်ဆိုင်မှ ဂက်စ်အိုးပေါက်ကွဲမှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း လှိုင်နယ်မြေ ဂိတ်(၅) Grade-4 (ဂိတ်)၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က အသားကင်ရောင်းနေသည့် လမ်းဘေးဈေးသည်၏ ဂက်စ်အိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး **(ယာပုံ)** ပေါက်ကွဲမှုကြောင့် ဈေးရောင်းချသူ မသိန်းသိန်းစိုး၊ Grade-4 ကျောင်းသား သုံးဦးနှင့် ကျောင်းသူ လေးဦး အပူလောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း၊ ဒဏ်ရာများ မစိုးရိမ်ရကြောင်း သိရသည်။ **(ကြေးမုံ)**










## ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အောက်ပါ ပြည်နယ်/ခရိုင်/မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | တောင်ကြီးမြို့ | (က) ကျောက်တိုင်ကွင်းအတွင်း အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်း။<br>(ခ) ကျောက်တိုင်ကွင်းအတွင်း လျှောက်လမ်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း |
| ၂။ | ဟိုပန်မြို့ | ဝ တိုင်းအားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်း။ |
| ၃။ | နမ့်ဆန်မြို့ | နမ့်ဆန်မြို့နယ်ဘောလုံးကွင်းတည်ဆောက်ခြင်းလုပ်ငန်း။ |
| ၄။ | နမ္မတူမြို့ | ပွဲကြည့်စင်ပြုပြင်ခြင်းလုပ်ငန်း။ |
| ၅။ | ကျိုင်းတုံမြို့ | ခရိုင်အားကစားရုံပြုပြင်ခြင်းလုပ်ငန်း။ |
| ၆။ | မိုင်းခတ်မြို့ | (က) မြို့နယ်အားကစားခန်းမ ပြုပြင်ခြင်းလုပ်ငန်း။<br>(ခ) မြို့နယ်အားကစားကွင်း ပြုပြင်ခြင်းလုပ်ငန်း။ |

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့် အဆောက်အအုံအသေးစိတ်ကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၈၁-၂၁၂၁၁၆၅၊ ၀၈၁-၂၀၂၁၃၄သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ (က) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၃-၁၂-၂၀၁၄ရက်
(ခ) တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၃၁-၁၂-၂၀၁၄ရက် ညနေ(၄း၀၀) နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
တောင်ကြီးမြို့။

# ဟသ်ာတို့ရဲ့စေတနာ

**တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)**



ကုသိုလ်မျှဝေယူရန် ဆရာဟသ်ာတမြင့်ငွေက ဖိတ်ခေါ်သည့်အတွက် ဟသ်ာတတန်ဆောင်တိုင်ပွဲတော်သို့ ဒုတိယအကြိမ်မြောက် ရောက်ခဲ့ရပြန်သည်။ ဟသ်ာတသည် စီးပွားရေးဖွံ့ဖြိုးသော မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ဒေသခံတို့၏ သဒ္ဓါတရားထက်သန်မှုကြောင့် တစ်နှစ်ပတ်လုံး အလှူအတန်းများကား ပြတ်သည်မရှိ။ တန်ဆောင်တိုင်ပွဲတော်ကာလသည်လည်း နှစ်စဉ်စည်ကားမြဲ၊ ယခုနှစ်ပိုးစာတောဘုန်းတော်ကြီးကျောင်းတွင် ဟသ်ာတမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ ကထိန်အလှူတော် ကျင်းပသည်။ အခြား ဘုန်းတော်ကြီးကျောင်းများတွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းအလိုက်၊ ရပ်ကွက်အလိုက် လှူဒါန်းမှုများပြုကြသည့်အတွက် တစ်မြို့နယ်လုံးလှုပ်လှုပ်ရှားရှား၊ အုန်းအုန်းကျွက်ကျွက် စည်ကားလျက်ရှိနေတော့သည်။

ညပိုင်း ဦးဘရဲဘုရားရှေ့ ကွင်းပြင်တွင် သီချင်းအဆိုပြိုင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းထားသည်။ မြို့နယ်အဆင့်ဆိုသော်လည်း အဖြစ်မဟုတ်။ တကယ့်ကိုအကြိတ်အနယ်၊ အချို့ဆိုလျှင် Performance များထည့်သွင်း၍ ကြိုးစားယှဉ်ပြိုင်ကြသည်။ ထိုအထဲမှ နိုင်ငံကျော်ဂီတအနုပညာရှင်များအဖြစ် ပေါ်ထွက်လာရန် အလားအလာရှိသူများကို ပရိသတ်ကမှန်းဆ တစ်ပေးနေကြပြန်သည်။ အောင်မြင်ကျော်ကြားပြီး ဟသ်ာတသား အနုပညာရှင်များဖြစ်ကြသော အဆိုတော် ဟသ်ာတထွန်းရင်၊ အကယ်ဒမီ ဦးမိုးဒီနှင့်သား ကောင်းစံတို့အဖွဲ့ကလည်း ကိုယ့်မြို့ကိုယ့်ရွာဖြစ်၍ မမောနိုင်၊ မပန်းနိုင် အားပါးတရဖျော်ဖြေတင်ဆက်ကြသလို ဧည့်သည်အဆိုတော်များဖြစ်ကြသည့် တေးသံရှင် ရန်ပိုင်စိုး၊ ဗညားဟန်၊ တွံတေးစိုးအောင်၊ နီနီခင်ဇော်တို့ကလည်း အားကုန်နွှဲကြသည့်အတွက် ပရိသတ်များကား ကြည်နူးမဆုံး တပြုံးပြုံး။ သည်နှစ်တွင် ထူးခြားသည်က ခါတိုင်းနှစ်များနှင့်မတူ မြန်မာပြည်အနှံ့ နေရာတော်တော်များများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ ဟသ်ာတလည်း မလွတ်၊ တေးသံရှင် နီနီခင်ဇော်ဆိုနေသည့်အလှည့်တွင် မိုးရွာချလေရာ သီဆိုသူကလည်းမရပ်၊ တီးဝိုင်းကလည်း အဆက်မပြတ်၊ ပရိသတ်ကလည်းထမပြန်၊ သုံးပွင့်ဆိုင်ညီညွတ်ပြီး ဖွဲကောင်းလှသည့် ဖျော်ဖြေပွဲမို့ ဟသ်ာတသားတို့မေ့၍ရမည်မထင်။

ဟသ်ာတမြို့သို့ရောက်ခိုက် စာရေးသူနှင့် ဒါနပြု အဖွဲ့တစ်ဖွဲ့ဆုံစည်းဖြစ်ခဲ့သည်။ "ဟသ်ာစေတနာ"ဟု အမည်ပေးထားသည်။ နယ်လှည့်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ ယခုအခါ မြန်မာပြည်တစ်လွှားသာရေးနာရေးအသင်းအဖွဲ့များ ပေါ်ပေါက်လာနေသည်မှာ ကောင်းသောလက္ခဏာ၊ ဟသ်ာတသားတို့ကလည်း နောက်ကျမကျန် "အရောဂျ၊ ပရမံ၊ လာဘံ၊ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသရှိပြည်သူများ ကျန်းမာကြစေရန် "ဟသ်ာစေတနာ"အဖွဲ့သည် ကျေးရွာအရောက်၊ အိမ်တိုင်ရာရောက် ဆေးဝါးကုသပေးကြသည်။ ကျန်းမာရေးအသိပညာပေးကြသည်။ မြို့ကြီးပြကြီးနေ ငွေကြေးပြည့်စုံသူများအတွက် လိုရာဆေးခန်း၊ ကြိုက်ရာအထူးကု၊ ပါရဂူတို့ဖြင့် ရွေးချယ်ကုသနိုင်ကြသော်လည်း မြို့ပြနှင့်အလှမ်းဝေးပြီး ခြေကျင် တစ်တန်၊ လှေတစ်တန်၊ လှည်းတစ်တန် သွားလာရခက်ခဲသည့်ဒေသများနေ အချို့သော ငွေကြေးချို့တဲ့သူ၊ ကျေးလက်နေပြည်သူများအတွက် ဆေးမီးတိုပင် အနိုင်နိုင်၊ လူသားချင်းစာနာထောက်ထားသောအမြင်ဖြင့် ထိုအဖွဲ့ကိုဖွဲ့စည်းခဲ့ရာမှာ နာယကကြီးများဖြစ်ကြသော သီရိပျံချီ ဦးဌေးဦး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီး ဦးစိုးမြင့်၊ ဟသ်ာတမြို့နယ် အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြင့်ငွေ(ဟသ်ာတမြင့်ငွေ)တို့နှင့်အတူ ဒေသခံမြို့မိမြို့ဖများ၊ ဆရာဝန်များပါဝင်၍ အဖွဲ့ဝင် ၂၉ ဦးဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့အစည်းမတည်ရန်ပုံငွေအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ကျပ်သိန်း ၅၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့အစည်းမှ ဆေးဝါးမျိုးစုံ တန်ဖိုးကျပ် ၁၀ သိန်း၊ ဒေသခံအလှူရှင်များက ကျပ်သိန်း ၃၀ ပါဝင်လှူဒါန်းကြသလို ဟသ်ာတမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဟသ်ာတခရိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ တိုင်းရင်းဆေးကုသရေးအဖွဲ့များကလည်း နယ်လှည့်ခရီးထွက်တိုင်း လိုက်ပါကုသိုလ်ပြုကြပြန်သည်။

ဟိုရှေးအခါက ဟသ်ာတမြို့တည်ရှိရာ ဒေသတစ်ဝိုက်တွင် ဟသ်ာငှက်များ ကျက်စားခဲ့သည်ကို အမှတ်အသားပြု၍ ဟသ်ာတမြို့၏ သင်္ကေတအမှတ်တံဆိပ်ကို ဟသ်ာငှက်ရုပ်ဖြင့် ဖော်ပြလေ့ရှိသည်။ သို့ဖြစ်၍ ကြံ့ခိုင်သော အလုံးအထည်၊ သန့်စွမ်းသော တောင်ပံအစုံဖြင့် တစ်ဟုန်ထိုး ပျံတက်လာသော ရွှေဟသ်ာတစ်ကောင်လို အဖွဲ့ကြီးဖွဲ့ပြီးသည်နှင့် အချိန်မလင့်စေရ။ ၃၁-၈-၂၀၁၄ ရက်တွင် ဟသ်ာတမြို့နယ် သက္ကယ်ပြင်ကျေးရွာအုပ်စု သဲထုံးကျေးရွာသို့၊ ၂၇-၉-၂၀၁၄ ရက်တွင် ဟသ်ာတမြို့နယ် နိဗ္ဗာန်ကျေးရွာသို့၊ ၁၈-၁၀-၂၀၁၄ ရက်တွင် ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု အလယ်စုကျေးရွာသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြသည်။ ဆက်၍လည်း အချိန်ရလျှင်ရသလို နယ်လှည့်ကြဦးမည်ဖြစ်သည်။ မွန်မြတ်သော ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့်အတွက် ကဗျာဖြင့် တင်စားဖွဲ့ဆိုရလျှင်

**ပြောစည်မတီးသည့်အလှူ**

❁ ဟသ်ာတို့ရဲ့စေတနာ၊ သားချင်းတွေရှိရာ
ဝေးပါစေအနီးလေး၊ ကွက်လပ်ဖြည့်လို့ပေးမည်
ကျေးလက်အထိရောက်
ထောက်ပံ့ဆေးဝါး၊ မြတ်စိတ်ထားဖြင့်
လူသားခြင်းစာနာ၊ နွေးထွေးစွာပြုစု
ကုသမှုအထွေထွေ၊ တစ်ကိုယ်ရေကျန်းမာ
အသိပညာဖြင့်ဖေးကူ။
❁ ဟသ်ာတို့အားမာန်၊ တောင်ပံကိုယ်ဘယ်ညာဖြန့်
ဆန့်လိုက်တိုင်းခရီးရောက်
အခမဲ့စောင့်ရှောက်၊ ဝမ်းမြောက်၍မပြီး
ပြောစည်မတီးသည့်အလှူ . . . .။

## ခရမ်း၌ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်

**ခရမ်း ဒီဇင်ဘာ ၁၉**

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လှဘီလူးကျေးရွာတွင် ၄ လက်မ စက်ရေတွင်း(တွင်းနက်)ကို ဝိုင်းထိုက်ကုမ္ပဏီက လည်းကောင်း၊ တမံကြီး-ကျုံတူးလမ်းပေါ်ရှိ ရေပြွန်လေးစင်းကို Clover Solution ကုမ္ပဏီက လည်းကောင်း တူးဖော်လျက်ရှိကြောင်း သိရသည်။ **(ခရမ်းကျေးလက်)**



## နောင်ချိုမြို့တွင် ဘိန်းဖြူ ၁၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် သိန်းနီမှမန္တလေးဘက်သို့ ကျော်မျိုးဆင့်မောင်းနှင်ပြီး မထောင်းနော လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ဆပ်ပြာခွက် သုံးခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၃၉ ဂရမ်၊ ရှေ့မီးခွက်အတွင်းမှ ပလပ်စတစ်အိတ်ခုနစ်အိတ်ဖြင့် ထည့်လျက် ဘိန်းဖြူ ၉၁ ဂရမ် စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၁၃၀ ဂရမ်နှင့်ဆိုင်ကယ်ဘေးဝဲ/ယာ ကာဘာအတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ တို့အား သိမ်းဆည်းရမိသဖြင့် ကျော်မျိုးဆင့်(၂၃)နှစ်နှင့် မထောင်းနော(၃၈)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**




















# လီဗာပူး တိုက်စစ်မှူး ဘာလော့တယ်လီ

ငွေကြယ်

## တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ငွေဒဏ်ချမှတ်ခံရ

**လီဗာပူးတိုက်စစ်မှူး ဘာလော့တယ်လီသည် အက်ဖ်အေ၏ လူမှုမီဒီယာစည်းမျဉ်းများကို ချိုးဖောက်ခဲ့ခြင်းကြောင့် အက်ဖ်အေစည်းမျဉ်း E3(1) အရ တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးအဖြစ် ပေါင် ၂၅၀၀၀ ဒဏ်တပ်ခံခဲ့ရကြောင်း သိရသည်။**

တိုက်စစ်မှူးဘာလော့တယ်လီသည် အက်ဖ်အေ၏ ပြစ်ဒဏ်ချမှတ်မှုကို ပြီးခဲ့သည့်တစ်ပတ်က လက်ခံခဲ့ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာကြားနာစစ်ဆေးမှုနှင့်ပတ်သက်၍ တောင်းဆိုမှုတစ်စုံတရာ မရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံထားရခြင်းကြောင့် ဒီဇင်ဘာ ၂၁ ရက်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ဘဲ လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အက်ဖ်အေ၏ တရားစွဲဆိုမှုကြောင့် တိုက်စစ်မှူး ဘာလော့တယ်လီသည် ပညာပေးသင်တန်းတစ်ခုကိုလည်း မဖြစ်မနေတက်ရောက်ရမည်လည်း ဖြစ်သည်။ တိုက်စစ်မှူး ဘာလော့တယ်လီသည် "jumps like a black man and grabs coins like a Jew." "လူမည်းတစ်ယောက်လို ခုန်တက်ပြီး ဂျူးတစ်ယောက်လို ဒင်္ဂါး(ငွေအကြွေ)တွေ လုယူပါ"ဆိုသည့် စကားလုံးများပါသည့် ရုပ်ပုံတစ်ပုံအား ၎င်း၏ စူပါမာရီယိုပို့စ်တွင် ဖော်ပြခဲ့ခြင်းကြောင့် တိုက်စစ်မှူး ဘာလော့တယ်လီအား ယင်းအမှားလုပ်ဆောင်မှုနှင့် ပတ်သက်၍ အက်ဖ်အေက ဖျက်ပေးရန်ပြောဆိုခဲ့သည်။ အဆိုပါအက်ဖ်အေ၏ လူမှုမီဒီယာစည်းမျဉ်းချိုးဖောက်ခဲ့သည့် အမှားကြောင့် တိုက်စစ်မှူး ဘာလော့တယ်လီအနေဖြင့် လီဗာပူးအသင်းဖော်များနှင့် ပရိသတ်များအား တောင်းပန်ခဲ့သည်။

တိုက်စစ်မှူး ဘာလော့တယ်လီက ၎င်း၏ စာသားသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်မှု ပြုခဲ့ခြင်းမရှိကြောင်းပြောကြားခဲ့ပြီး ၎င်း၏အစီရင်ခံစာတွင်လည်း လူမည်းများအားလုံး အမြင့်သို့ခုန်တက်ခြင်း မရှိသကဲ့သို့ ဂျူးလူမျိုးများသည်လည်း ငွေမက်သူများမဟုတ်ကြောင်းနှင့် ပတ်သက်သော အကြောင်းအရာများကို ပြန်လည်ရှင်းလင်းထားသည်ကို ဗြိတိန်သတင်းတစ်ပုဒ်က ဖော်ပြထားသည်။ သို့သော်လက်ရှိတွင်မူ ဘာလော့တယ်လီသည် အက်ဖ်အေ၏ တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေး ပေါင် ၂၅၀၀၀ ဒဏ်တပ်ခံခဲ့ရပြီဖြစ်သည်။

# ပရီမီယာလိဂ် ရင်ခုန်သံ-၁၇

ရှိုင်း မင်း မင်း

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ် (၁၇) ကို လာမယ့် ဒီဇင်ဘာ ၂၀၊ ၂၁၊ ၂၃ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ပွဲစဉ် (၁၆) မှာတုန်းကတော့ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီးတို့နိုင်ပွဲရခဲ့ကြလို့ ဒီပွဲစဉ်မှာ အဆိုပါ အသင်းတွေအနေနဲ့ နိုင်ပွဲဆက်နိုင်မလားဆိုတာကို စောင့်ကြည့်ရမှာဖြစ်သလို လီဗာပူးနဲ့ အာဆင်နယ် ဆုံတဲ့ပွဲလည်း ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ် . . .

**မန်စီးတီး - ပဲလေ့စ်** ည ၇း၁၅ (၂၀-၁၂-၂၀၁၄)

အဂူရိုဒဏ်ရာရသွားပြီးတဲ့နောက်မှာ မန်စီးတီးရဲ့အဆုံးသတ်ပိုင်းက အားပျော့လာပါတယ်။ ဒါပေမယ့် မန်စီးတီးဟာ ဥရောပပွဲတွေ ရပ်နားထားချိန်မှာ ချဲလ်ဆီးကိုဖိအားပေးနိုင်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ ဒါ့အပြင် ပဲလေ့စ်ခြေကလည်း မတည်ငြိမ်သလို မန်စီးတီးကွင်းလည်းဖြစ်နေတဲ့အတွက် မန်စီးတီးပဲအနိုင်ရသွားမှာပါ။

**ဗီလာ - မန်ယူ** ည ၉း၃၀ (၂၀-၁၂-၂၀၁၄)

အမှတ်လိုနေတဲ့ မန်ယူအနေနဲ့ နောက်ပိုင်းပွဲတွေမှာ ဂရုတစိုက် ကစားလာနေသလို ရလဒ်ပိုင်းအရလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် အသင်းလိုက်ကစားပုံနဲ့ တိုက်စစ်ကိုပုံဖော်နိုင်မှုအပိုင်းမှာတော့ အားနည်းမှုတွေရှိနေသေးသလို ဗီလာကလည်းအိမ်ကွင်းအားနဲ့ခံကစားမှာဖြစ်လို့ မန်ယူ နိုင်ရင်တောင် မပြတ်သားနိုင်ပါဘူး။

**ဟားလ်စီးတီး - ဆွမ်ဆီး** ည ၉း၃၀ (၂၀-၁၂-၂၀၁၄)

ဟားလ်ရဲ့ခြေကအားနည်းမှုတွေများလွန်းပါတယ်။ အထူးသဖြင့် ခံစစ်ကစားပုံကျစ်လစ်မှုမရှိတာကြောင့် ဟားလ်စီးတီးတို့ရလဒ်ပိုင်းတွေညံ့နေရတာဖြစ်ပါတယ်။ ဆွမ်ဆီးကတော့ ခြေမငြိမ်ဘူးဆိုပေမယ့် တိုက်စစ်ကစားပုံမဆိုးသလို ဂိုးသွင်းခြေလည်းရှိပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ဟားလ်စီးတီးတို့သရေထက် မပိုနိုင်ပါဘူး။

**ကျူပီအာ - ဝက်စ်ဘရွန်း** ည ၉း၃၀ (၂၀-၁၂-၂၀၁၄)

တန်းမဆင်းရဖို့ ရုန်းနေတဲ့ ကျူပီအာရဲ့ကစားပုံက နောက်ပိုင်းမှာ ကောင်းမွန်လာတယ်။ အထူးသဖြင့် အိမ်ကွင်းနောက်ဆုံးသုံးပွဲမှာ မန်စီးတီးကိုသရေကစားနိုင်သလို နှစ်ပွဲတိတိအနိုင်ရခဲ့တယ်။ ဝက်စ်ဘရွန်းကတော့ နိုင်ပွဲပြန်ရခဲ့ပြီ ဆိုပေမယ့် ကစားပုံသာမန်သာရှိတယ်။ ကျူပီအာဒီပွဲလည်း မရှုံးနိုင်ဘူး။

**ဆောက်သမ်တန် - အဲဗာတန်** ည ၉း၃၀ (၂၀-၁၂-၂၀၁၄)

ဒီဇင်ဘာပွဲကျပ်ကာလမှာ ဆောက်သမ်တန်ဟာ စိတ်ဓာတ်ပိုင်းရော ခြေစွမ်းပိုင်းပါကျသွားတယ်။ ဒါပေမယ့် ဆောက်သမ်တန်ဟာ လေးပွဲဆက်ရှုံးပြီးတဲ့နောက်မှာ ထပ်ပြီးအမှားခံမှာမဟုတ်ဘူး။ အဲဗာတန်ကလည်း ခြေတည်ငြိမ်မှုမရှိသလို ခံစစ်ပိုင်းအားနည်းတာကြောင့် ဒီပွဲက သရေကျသွားဖို့ များနေတယ်။

**စပါး - ဘန်လေ** ည ၉း၃၀ (၂၀-၁၂-၂၀၁၄)

ဘန်လေကဆောက်သမ်တန်ကိုနိုင်ပြီး အခုနောက်ပိုင်းသူတို့ရဲ့ပုံစံကောင်းကို ပြသနိုင်ခဲ့တယ်။ အထူးသဖြင့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတစ်ပွဲသာရှုံးပြီး နှစ်ပွဲအနိုင်ရခဲ့တဲ့ ဘန်လေရဲ့ ရုန်းအားမဆိုးဘူး။ ဒါပေမယ့် စပါးကလည်း အမှတ်လိုနေလို့ အိမ်ကွင်းမှာတင် ကစားမှာသေချာတယ်။ စပါးကပ်နိုင်သွားနိုင်တယ်။

**ဝက်စ်ဟမ်း - လက်စတာ** ည ၉း၃၀ (၂၀-၁၂-၂၀၁၄)

ဒီရာသီမှာ ဝက်စ်ဟမ်းရဲ့ ခြေကတည်ငြိမ်မှုရှိတယ်။ နောက်ဆုံးပွဲမှာ ဆန်းဒါးလန်းနဲ့သရေကျခဲ့ပေမယ့် နောက်ဆုံး လေးပွဲဆက်မရှုံးသလို သုံးပွဲတိတိနိုင်တယ်။ ပြီးတော့ ဒီပွဲက အိမ်ကွင်းဖြစ်တယ်။ လက်စတာက အမှတ်ပေးဇယားအောက်ဆုံးမှာရှိနေပြီး ခံစစ်ပိုင်းက ကျစ်လစ်မှုမရှိဘူး။ အိမ်ကွင်းမှာ ဝက်စ်ဟမ်းအမှတ်ပြည့်ရသွားမှာသေချာတယ်။

## ပရီမီယာလိဂ် ပွဲစဉ် - ၁၇ ဒီဇင်ဘာ ၂၀

| | | | |
|---|---|---|---|
| မန်စီးတီး | - | ခရစ္စတယ်ပဲလေ့စ် | ည ၇း၁၅ |
| ဗီလာ | - | မန်ယူ | ည ၉း၃၀ |
| ဟားလ်စီးတီး | - | ဆွမ်ဆီး | ည ၉း၃၀ |
| ကျူပီအာ | - | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| ဆောက်သမ်တန် | - | အဲဗာတန် | ည ၉း၃၀ |
| စပါး | - | ဘန်လေ | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | လက်စတာ | ည ၉း၃၀ |

## စပိန်လာလီဂါ ပွဲစဉ် - ၁၆ ဒီဇင်ဘာ ၂၀/၂၁

| | | | |
|---|---|---|---|
| ဆယ်လ်တာဗီဂို | - | အယ်လ်မီရီယာ | နံနက် ၂း၁၅ |
| ဘာစီလိုနာ | - | ကော်ဒိုဘာ | ည ၉း၃၀ |
| လီဗန်တေး | - | ဆိုစီဒက် | ည ၁၁း၃၀ |
| အီဘား | - | ဗလန်စီယာ | နံနက် ၁း၃၀ |
| ဗယ်လီကာနို | - | အက်စ်ပန်ညို | နံနက် ၃း၃၀ |
| ဗီလာရီးရဲ | - | ဒီဗို့တီဗို | ညနေ ၅း၃၀ |

## အီတလီစီးရီးအေ ပွဲစဉ် - ၁၆ ဒီဇင်ဘာ ၂၀/၂၁

| | | | |
|---|---|---|---|
| ဆာဆူအိုလို | - | စီဆီနာ | ည ၁၁း၃၀ |
| ရိုးမား | - | အေစီမီလန် | နံနက် ၂း၁၅ |

မောင်မောင်ဇော်

# ဆောက်သမ်တန်တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်

## သီတင်းခြောက်ပတ်ကြာ အနားယူရမည်



ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်းမှ တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်သည် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အနည်းဆုံးနောက်ထပ် သီတင်းခြောက်ပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း ဆောက်သမ်တန်အသင်းနည်းပြ ရိုနယ်လ်ကိုးမန်းက ပြောကြားခဲ့သည်။

အသက်(၂၅)နှစ် အရွယ်ရှိ တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်သည် ဧပြီလအတွင်းက မန်စီးတီးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အသင်းနှင့် ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိဘဲ ပွဲစဉ်အတော်များများ လွဲချော်ခဲ့သူဖြစ်သည်။

လက်ရှိတွင်လည်း ဒီဇင်ဘာ ၁၆ ရက်က ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင်လည်း ဒူးဒဏ်ရာ ထပ်မံရရှိခဲ့ခြင်းကြောင့် နောက်ထပ် အနားယူရဦးမည်ဖြစ်သည်။

ဆောက်သမ်တန် အသင်းသည် အဆိုပါ ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် နောက်ဆုံးငါးပွဲမှာ အရှုံးရလဒ်သာထွက်ပေါ်ခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၅)နေရာ၌ ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ချယ်လ်ဆီးအသင်းကို လိုက်မီရန် ၁၃ မှတ်လိုသေးကြောင်း သိရသည်။

[နိုင်လင်းကြည်]







### ပြည်ထောင်စုလွှတ်တော်
### ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
### ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

၁။ စီးပွားရေးပညာ ကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ဝန်ထမ်း (၄)ဦး အလိုရှိသည်။

(က) B.Com, M.Com ဘွဲ့ရရှိပြီးသူဖြစ်ရမည်။(အလားတူဘွဲ့များကို နိုင်ငံခြား တွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)

(ခ) အသက်(၃၅)နှစ်အောက် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။

(ဃ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူဖြစ်ရမည်။

(င) ကွန်ပျူတာနှင့်အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(စ) နှစ်စဉ်စာချုပ် ချုပ်ဆိုငှားရမ်းခန့်ထားမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူမျှော်မှန်းလစာ ဖော်ပြ၍ Jointpac.mmp@gmail.com သို့(၂၆-၁၂-၂၀၁၄)ရက်နေ့ နောက်ဆုံးထားပြီး e-mail ဖြင့် ပေးပို့လျှောက်ထားနိုင်သည်။

၃။ ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ် မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mail ဖြင့် အကြောင်းကြားမည်။

၄။ အသေးစိတ်သိလိုပါက ၀၆၇-၅၉၀၂၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။

### မော်တော်ယာဉ်များ အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လိုင်စင်မဲ့မော်တော်ယာဉ်များအား လိုင်စင်ပြုလုပ်၍ မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လေလံတင်ရောင်းချမည့်ရက်စွဲနှင့်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်ရက်စွဲ - ၁၉-၁-၂၀၁၅ ရက်

(ခ) လေလံတင်ရောင်းချမည့်အချိန် - နံနက် ၉း၀၀ နာရီ

(ဂ) လေလံတင်ရောင်းချမည့်နေရာ - တောင်ကြီးမြို့တော်ခန်းမ

၃။ လေလံဆွဲလိုသူများသည် လေလံစည်းကမ်း၊ လေလံလျှောက်လွှာ၊ လေလံရောင်းချမည့် မော်တော်ယာဉ်စာရင်းနှင့် ကြည့်ရှုခွင့်လက်မှတ်များကို တစ်စုံလျှင် ကျပ် (၅၀၀၀) (ငါးထောင် ကျပ်) တိတိဖြင့် ၂၂-၁၂-၂၀၁၄ ရက်မှစ၍ ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်မည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၈၁-၂၁၂၅၅၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မော်တော်ယာဉ်လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**








## ပြည်ထောင်စုလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ဒုတိယဦးစီးမှူးနှင့် ဒုတိယဦးစီးမှူး(ကွန်ပျူတာ)(၂၀)နေရာ၊ လစာနှုန်းကျပ် (၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)
- (၁) မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) M.A(English)၊
- (၂) ကွန်ပျူတာမဟာသိပ္ပံဘွဲ့ (M.C.Sc)၊
- (၃) မဟာဥပဒေဘွဲ့ (LL.M)၊
- (၄) မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ) M.A(IR)၊
- (၅) မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) M.E(IT)၊
- (၆) မဟာဝါဏိဇ္ဇဘွဲ့ (M.Com)၊
- (၇) မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ) M.Econ(Statistics)၊
- (၈) အခြားမဟာဘွဲ့ရရှိသူများ (အင်္ဂလိပ်စာ သို့မဟုတ် ကွန်ပျူတာဘာသာရပ် တစ်ခုခုကျွမ်းကျင်မှု အထောက်အထား ပူးတွဲ၍ လျှောက်ထားရန်)။

(ခ) အငယ်တန်းစာရေး(၁၀)နေရာ၊ လစာနှုန်းကျပ် (၈၇၀၀၀-၁၀၀၀-၉၂၀၀၀)
- (၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)၊
- (၂) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)၊
- (၃) ဥပဒေဘွဲ့ (LL.B)၊
- (၄) ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ) B.A(IR)၊
- (၅) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) B.E(IT)၊
- (၆) ဝါဏိဇ္ဇဘွဲ့ (B.Com)၊
- (၇) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ) B.Econ (Statistics)၊
- (၈) အခြားဘွဲ့ရရှိသူ (အင်္ဂလိပ်စာ သို့မဟုတ် ကွန်ပျူတာဘာသာရပ် တစ်ခုခုကျွမ်းကျင်မှု အထောက်အထား ပူးတွဲ၍ လျှောက်ထားရန်)။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) အပိုဒ် ၁ (က) ပါ ရာထူးအတွက် ၃၁-၁၂-၂၀၁၄ ရက်နေ့တွင် (၂၈)နှစ်ထက် မကျော်စေရ၊ ဝန်ထမ်းဖြစ်က(၃၂)နှစ်အထိ ခွင့်ပြုသည်။
- (ဂ) အပိုဒ်၁(ခ)ပါရာထူးအတွက် ၃၁-၁၂-၂၀၁၄ရက်နေ့တွင်(၂၅)နှစ်ထက်မကျော်စေရ။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (င) ကွန်ပျူတာ တတ်ကျွမ်းရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပါဝင်ပြီး လျှောက်ထားသူ ကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (စ) ဝန်ထမ်းဖြစ်လျှင် ရာထူး၊ ဌာန၊
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊
- (ဇ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊
- (ဈ) အမြဲတမ်းနေရပ်လိပ်စာ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-
- (က) တစ်လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံနှစ်ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ၊
- (ဂ) အသက်အထောက်အထားအတွက်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- (င) ဝန်ထမ်းမဟုတ်သူများအတွက် တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း၊
- (စ) ဒုတိယဦးစီးမှူးရာထူးအတွက် အနည်းဆုံး(၅)နှစ်၊ အငယ်တန်းစာရေးရာထူးအတွက် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀)နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတ်ပုံတင်၍သော်လည်းကောင်း ၃၁-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀)၊ နေပြည်တော်သို့ ၃၁-၁၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့် ပြုမည်မဟုတ်ပါ။

၈။ အရည်အချင်းစစ်စာမေးပွဲတွင် အောက်ပါ ဘာသာရပ်များကို ၇-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) တွင် နေပြည်တော်၌ ဖြေဆိုရမည်-
- (က) မြန်မာစာ၊
- (ခ) အင်္ဂလိပ်စာ၊
- (ဂ) အထွေထွေဗဟုသုတ။

၉။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုတို့အား စစ်ဆေး မည်ဖြစ်ပြီး ဆောင်ရွက်မည့် အစီအစဉ်ကို ထပ်မံကြေညာမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ၀၆၇-၅၉၀၁၂၁၃ နှင့် ၀၆၇-၅၉၀၁၂၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြည်ထောင်စုလွှတ်တော် Website; www.myanmarparliament.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်-

(က) **RTK GPS(1 Base & 1 Rovers Sets) - (170) Sets**
(Base & Rover Interchangeable)
**Brand** : Trimble/Spectra Precision,Leica, Topcon,Nikkon, Geomax, Pentax
**Country**:USA, Canada, Ireland, Switzerland, Japan

(ခ) **Total Station - (120)Sets**
**Brand** : Trimble/Spectra Precision, Leica, Nikkon, Topcon, Geomax, Pentax
**Country**: USA, Canada, Ireland, Switzerland, Japan

၂။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး ၂၆-၁၂-၂၀၁၄ ရက် ညနေ ၁၆း၃၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှု ပြုမည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ် အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)
ပစ္စည်းဝယ်ယူရေးအဖွဲ့
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၀၅၊ ၀၆၇-၄၁၀၄၀၉

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေသစ်နှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်း

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေသည် ခေတ်နှင့်လိုက်လျောညီထွေရှိစေရန် Asia Development Bank(ADB)၏ အကူအညီဖြင့် အသစ်ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိရာ အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ရေးဆွဲပြီးဖြစ်သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းအား www.dica.gov.mm တွင် ဖတ်ရှုနိုင်ပါသည်။ မြန်မာဘာသာပြန်ဆိုပြီးပါကလည်း ဆက်လက်ဖော်ပြပေးမည် ဖြစ်ပါသည်။

အဆိုပါ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်မူကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုလိုသည်များရှိပါက lawreform.dica.mm@gmail.com သို့ဖြစ်စေ၊ အောက်ပါလိပ်စာများသို့ဖြစ်စေ ပေးပို့အကြံပြုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ရန်ကုန်ရုံးချုပ် | အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Fax:01-658135 |
| နေပြည်တော်ရုံး | ရုံးအမှတ်(၃၂)၊ နေပြည်တော်။ Fax:067-406306 |
| မန္တလေးတိုင်းဦးစီးမှူးရုံး | (၂၆×၈၄)လမ်းထောင့်၊ ဈေးချိုအရှေ့ဘက်တိုက်တန်း၊ တတိယထပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |
| ရှမ်းပြည်နယ်ဦးစီးမှူးရုံး | အမှတ်(၁၃၉)၊ စဝ်စံထွန်းလမ်း၊ ဈေးပိုင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ |
| မွန်ပြည်နယ်ဦးစီးမှူးရုံး | အမှတ်(၄၀၁)၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## အရှေ့ဒဂုံမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၀၆၂(က)၊ အောင်မေတ္တာလမ်းရှိ အိမ်နှင့်မြေကွက်ပါ အဆောက်အအုံပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ အလျား(၂၀)ပေ×အနံ(၆၀)ပေရှိ အိမ်နှင့်မြေကွက်ပါအဆောက်အအုံပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်ဝါဝါစိုး [၁၂/ဥကတ(နိုင်)၁၄၄၃၅၀]ထံမှ ကျွန်တော် ဦးဝင်းကိုကို[၁၂/ဒလန(နိုင်)၀၃၅၃၆၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းကိုကို ဖုန်း-၀၉-၅၆၄၅၁၉၅
အမှတ်(၁၀၁၉/ဘီ)၊ ဦးကြင်ဥ(၃)လမ်း၊ ၃၂ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်



# ဂုဏ်ပြုကြိုဆိုပါသည်(၁၅)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲဆီသို့

**တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)**

ယခုကျရောက်သည့် ဒီဇင်ဘာလသည် မြန်မာပြက္ခဒိန်လများအနေဖြင့် နတ်တော်လနှင့် ပြာသိုလများ အကျုံးဝင်ပြီး ဆောင်းဥတုကာလ၏ အလယ်ဗဟိုဖြစ်ပေရာ ဆောင်းရာသီ၏ လေးလတာကာလနှင့် အအေးဆုံးလဟု ဆိုနိုင်ပါသည်။ မီးလှုံ၍လည်းမလုံ၊ စောင်ခြုံသော်လည်း မနွေး၊ ကြက်သီးတွေ တဖြန်းဖြန်းထသောလဖြစ်သည့် ဤဒီဇင်ဘာလတွင် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ မပျက်မကွက် နှစ်စဉ်ကျင်းပနိုင်ခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပခဲ့သော သက်တမ်းသည် ယခုနှစ်ဆိုလျှင် ၁၅နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ လာမည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်နေ့တွင် (၁၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို နေပြည်တော်တွင် ကျင်းပတော့မည်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ကျန်းမာကြံ့ခိုင်စေရေးအတွက် စောင့်ရှောက်ပေးသည့်နည်းတူ မျိုးချစ်စိတ်နှင့်ဇာတိမာန် ထက်သန်ခိုင်မာသည့် စိတ်ဓာတ်အားမာန်များ ပွားများဖြစ်ထွန်းစေခဲ့သည့်အတွက် တိုင်းပြည်ကာကွယ်စောင့်ရှောက်ရေးမှာပါ ရှေ့တန်းမှ စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် အမျိုးသားရေးဂုဏ်ဒြပ်ရှိသည့် ရိုးရာအမွေအနှစ်ပညာတစ်ရပ်ဖြစ်ပေသည်။

မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေးတို့ကို အလေးထားလျက် နိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ “တိမ်မြုပ် ပျောက်ကွယ်လုမတတ်ဖြစ်သည့် တိုင်းရင်းဆေးပညာရပ်များဖော်ထုတ်ရန်၊ အစွမ်းထက်သော ဆေးဝါးများ၊ ကုထုံးများနှင့် ဆေးဖက်ဝင်အပင်များ ဖော်ထုတ်ထိန်းသိမ်းရန်၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ သမားစဉ် ဂိုဏ်းအလိုက်သုံးစွဲလျက်ရှိကြသည့် အာနိသင်ထက်မြက်သော ဆေးဝါးများ၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ ဒေသအလိုက် ဆေးပညာရပ်များ၊ ကုထုံးများနှင့် ဆေးဝါးများကို ပြန်လည်ဖော်ထုတ်ရန်”စသည့် ရည်ရွယ်ချက်များဖြင့်တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲနှင့်စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့ကြရာ ၁၉၉၇ ခုနှစ် မေ ၂၅ ရက်မှ ၂၇ ရက်ထိ မန္တလေးမြို့၌ တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲကိုလည်းကောင်း၊ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်များတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တိုင်းရင်းဆေးပညာဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ် မေ ၂၆ ရက်နှင့် ၂၇ ရက်များတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့၌လည်းကောင်း၊ ၁၉၉၉ ခုနှစ် မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လည်းကောင်း၊(ယင်းပုသိမ်မြို့၌ ကျင်းပခဲ့သောဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများသို့ စာရေးသူကိုယ်တိုင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါသည်။) တိုင်းရင်းဆေးပညာဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများကို အသီးသီးကျင်းပခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် တိုင်းရင်းဆေးပညာဦးစီးဌာနကို ၁၉၈၉ ခုနှစ် ဩဂုတ် ၃ ရက်တွင် သီးခြားဦးစီးဌာနအဖြစ် ဖွဲ့စည်းပေးခဲ့ပြီး ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် အဆင့်(၁)ဦးစီးဌာနအဖြစ် တိုးမြှင့်ပေးခဲ့သည်။ ထို့အပြင် မြန်မာ့တိုင်းရင်းဆေး စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် ကြီးကြပ်လမ်းညွှန်ပေးသည့် အဓိကမဏ္ဍိုင်ကြီးများအဖြစ် ၁၉၉၆ ခုနှစ်တွင် **“တိုင်းရင်းဆေးဝါးဥပဒေ”**ကို လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် **“တိုင်းရင်းဆေးကောင်စီဥပဒေ”**ကို လည်းကောင်း အသီးသီးပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်၏ ကျန်းမာရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် တိုင်းရင်းဆေးဆရာများ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊ တိုင်းရင်းဆေးပညာဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေး တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် သုတေသနပြု၍ ဆောင်ရွက်ရေး၊ တိမ်မြုပ်ပျောက်ကွယ်နေသော တိုင်းရင်းဆေးကျမ်းများ၊ ကုထုံးနည်းနာများနှင့် ပရဆေးများကို ပြန်လည်ဖော်ထုတ်ရေး၊ တိုင်းရင်းဆေးလောကနှင့် တိုင်းရင်းဆေးဆရာများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၂ ခုနှစ်တွင် “မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း”ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

တိုင်းရင်းဆေးဝါးဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူတို့အားကိုးအားထားပြုနိုင်သည့် အရည်အသွေးမီအစွမ်းထက်တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင်များထုတ်ပေးခြင်းနှင့် Good Manufacturing Practice (GMP)အတိုင်း ကျင့်သုံးကြသည့် တိုင်းရင်းဆေးဝါးစက်ရုံများ ဖြစ်ထွန်းလာစေခြင်း၊ တိုင်းရင်းဆေးကောင်စီဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ရ တိုင်းရင်းဆေးပညာရှင်များက ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုစနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ထိန်းကျောင်းပေးခြင်း၊ တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ(Human Resources) မွေးထုတ်ရေး ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းပြီး ၁၉၇၆ ခုနှစ်တွင် တိုင်းရင်းဆေးသိပ္ပံကျောင်းကို တည်ထောင်ခဲ့ကာ ဒီပလိုမာပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့သည့်နည်းတူ ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို တည်ထောင်နိုင်ခဲ့၍ ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရ ပညာရှင်များသာမက မဟာဘွဲ့ရပညာရှင်အဆင့်အထိ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ထိုမျှမက ၂၀၀၇ ခုနှစ်က စတင်၍ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ကျေးလက်တောရွာများသို့အရောက် ဖြန့်ဝေပေးခဲ့ခြင်း၊ ဖြန့်ဝေလျက်ရှိခြင်းစသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ၂၀၀၈ ခုနှစ်တွင် အမျိုးသားပရဆေးဥယျာဉ်ကြီးကို နေပြည်တော်တွင် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာအဆင့်မီ မြန်မာ့ပရဆေးပင်ကျမ်း (Myanmar Herbal Pharmacopeia) ပေါ်ထွက်လာခြင်း စသည့်ဆောင်ရွက်ချက်စွမ်းဆောင်နိုင်ခဲ့မှုရလဒ်များ ဖြစ်ထွန်းခဲ့ပါသည်။ ဖော်ပြပါအချက်များသည် မြန်မာတိုင်းရင်းဆေးဖွံ့ဖြိုးမှုမှတ်တိုင်များ ဖြစ်ကြသည်သာမက မြန်မာပြည်သူတို့၏ ကျန်းမာကြံ့ခိုင်စေရေးအတွက် တန်ဖိုးကြီးမားလှသည့် အထောက်အပံ့များပင်ဖြစ်ပေသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သဝဏ်လွှာပေးပို့ခဲ့ပြီး ယင်းသဝဏ်လွှာတွင် မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းမှုများနှင့် စပ်လျဉ်း၍ **“ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးနှင့် နှီးနွှယ်ပညာရှင်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းဆေးဆိုင်ရာ ဥပဒေများ၏ မူဘောင်အတွင်းမှ မြန်မာ့တိုင်းရင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို စုပေါင်းညီညာချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေး တာဝန်ကို ထမ်းဆောင်ကြမည့် အဓိကအင်အားစုကြီးသည် မြန်မာပြည်တစ်ဝန်းလုံးမှ ချစ်ကြည်ရင်းနှီး၊ ပေါင်းစည်းစိတ်ကို အခြေခံကြသည့် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးနှင့်နှီးနွှယ်သော ပညာရှင်အပေါင်းတို့ ဖြစ်ကြသည်နှင့်အညီ မြန်မာပြည်သူတို့၏ အသက်ရှည်ရာ အနာမဲ့ကြောင်းကို မျှော်ရည်လျက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်းနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးခိုင်မာတိုးတက်ရေးအတွက် ချစ်ကြည်ရင်းနှီးစွာပူးပေါင်းအားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန်”** ဩဝါဒမိန့်မှာချက်ပါရှိပေသည်။

ယင်းညီလာခံဖွင့်ပွဲ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ညီလာခံအဖွင့်မိန့်ခွန်းပြောကြားခဲ့ရာတွင် **“မြန်မာ့တိုင်းရင်းဆေးပညာ၏ ကျယ်ပြန့်နက်နဲခက်ခဲလှသည့်သဘောသဘာဝများကို နိုင်ငံတကာမှ နားလည်လက်ခံသုံးစွဲလာနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် မြန်မာ့တိုင်းရင်းဆေးပညာ၊ နိုင်ငံတကာအဆင့်ဖြစ်လာစေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပညာရှင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည့်အပြင် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး၊ အစွမ်းအာနိသင်၊ အစွမ်းထက်မြက်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုတို့ကို အာမခံနိုင်ရေးအတွက်ဆောင်ရွက်သွားရန်၊ အတွေ့အကြုံအခြေပြုဆေးပညာမှတစ်ဆင့် ကမ္ဘာမှလက်ခံသည့် သက်သေအထောက်အထားပြု ဆေးပညာအဆင့်သို့ရောက်ရှိအောင်ဆောင်ရွက်ရန်၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို ပြန်လည်ဖော်ထုတ်ကြရန်၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို ထုတ်လုပ်သူများအနေဖြင့် အာဆီယံစံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ထုတ်လုပ်နိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်၊ အနောက်တိုင်းဆေးပညာရှင်များနှင့်နှီးနွှယ်ပညာရှင်များကလက်တွဲဆောင်ရွက်သွားကြရန်”**စသည်ဖြင့် တိုက်တွန်းမိန့်ကြားခဲ့ပါသည်။

ထို့အပြင် (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်များက (၁)ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြန်မာ့တိုင်းရင်းဆေးပညာရှင်များ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ရန်၊ (၂)မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား ကျေးလက်ဒေသအထိကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ (၃) တိုင်းရင်းဆေးပညာဆိုင်ရာ ကျမ်းဂန်၊ ပေ၊ ပုရပိုက်များ၊ ရှာဖွေဖော်ထုတ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာမြှင့်တင်ရေး လုပ်ငန်းများတွင် ထည့်သွင်းအသုံးချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ (၄)ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာသင်ကြားရေးစနစ်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးကြိုးပမ်းဆောင်ရွက်ရန်၊ (၅)အာဆီယံနိုင်ငံများ၏ တိုင်းရင်းဆေးဝါးပေါ်ပေါက်ရေးကြိုးပမ်းဆောင်ရွက်ရန်စသည့် အဆို(၅)ရပ်တို့ကို တင်သွင်းထောက်ခံမှတ်တမ်းတင်ခဲ့ကြပါသည်။

လာမည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် စတင်ကျင်းပမည့် (၁၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲနှင့်စပ်လျဉ်းပြီး ညီလာခံကျင်းပခြင်း၏ ရည်ရွယ်ချက်များဖြစ်သည့် (၁) မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊(၂) မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ (၃)မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး စသည်တို့သည်လည်းကောင်း၊ နှီးနှောဖလှယ်ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်များဖြစ်သည့် (၁) တိုင်းရင်းဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုနေသည့် လက်ရှိကုထုံးများ၊ တိုင်းရင်းဆေးတက္ကသိုလ်တွင်သင်ကြားနေသည့် ကုထုံးများအား ပြန်လည်ဆန်းစစ်သုံးသပ်၍ အကောင်းမွန်ဆုံးမြန်မာ့တိုင်းရင်းဆေး ကုထုံးများကျင့်စဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရေး၊ (၂) နယကြီးလေးပါး စည်းဘောင်အတွင်းမှ ရောဂါသိမှု၊ ကုထုံးသိမှု၊ ဆေးဝါးသိမှုဆိုင်ရာ ဖော်ထုတ်မြှင့်တင်ရေး၊ (၃)သမားစဉ်အဆက်ဆက်အောင်မြင်ကျော်ကြားခဲ့သော ကုထုံးကုကွက်များ၊ ရောဂါရှာဖွေနည်းများ၊ အစွမ်းထက်ဆေးဝါးဆိုင်ရာကဏ္ဍများကို စဉ်ဆက်မပြတ်ရှာဖွေဖော်ထုတ်မြှင့်တင်ရေး၊ လက်ဆင့်ကမ်းရယူ အကောင်အထည်ဖော်မှတ်တမ်းတင်နိုင်ရေး စသည်တို့သည်လည်းကောင်း၊ ကနဦးကရေးသားတင်ပြခဲ့သည့် (၁၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့ခဲ့သော နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာပါဩဝါဒမိန့်မှာချက်များ၊ ဒုတိယသမ္မတ၏ ညီလာခံအဖွင့်မိန့်ခွန်းပါ တိုက်တွန်းမိန့်ကြားချက်များနှင့် လိုက်လျောညီထွေဆီလျော်မှုများရှိသည့်နည်းတူ တင်သွင်းထောက်ခံခဲ့သည့် အဆိုငါးရပ်နှင့်လည်း ကျိုးကြောင်းဆက်နွှယ်မှုများ ရှိလှပေသည်။

သို့ဖြစ်ပါ၍ ယမန်နှစ်များက ကျင်းပခဲ့သော ညီလာခံများနှင့်အတူ ပိုမိုထူးခြားလှသည့် (၁၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲမှ ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ထုတ်နိုင်ရန်အလို့ငှာ (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ပေးပို့ခဲ့သော နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာပါ ဩဝါဒမိန့်မှာချက်များနှင့် ဒုတိယသမ္မတ၏ညီလာခံအဖွင့်မိန့်ခွန်းပါ တိုက်တွန်းမှာကြားချက်များကို တိုင်းရင်းဆေးလောကသားများအနေဖြင့် အကောင်အထည်ဖော်နိုင်ကြပါစေကြောင်း (၁၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ဂုဏ်ပြုကြိုဆိုရေးသားတင်ပြအပ်ပါသည်။

## ရင်သွေးငယ်များ ဒီဇင်ဘာ ကာယအားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိ ဝက်ဘာမူကြိုကျောင်း၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ရင်သွေးငယ်များ၏ ဒီဇင်ဘာကာယအားကစားပြိုင်ပွဲများဖြစ်သော ဘောလုံးကျောချင်းကပ်ပြိုင်ပွဲ၊ တစ်ရှူးစက္ကူရောင်စုံ ပစ်ဖောက်ပွဲနှင့် ဘောလုံးပေါင်ကြားညှပ်ပြိုင်ပွဲများကို ကျင်းပခဲ့သည်။**(ယာပုံ)**

အဆိုပါ အားကစားပြိုင်ပွဲများသို့ မူကြိုရင်သွေးငယ် ၁၅၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ကျောင်းကြီးကြပ်ရေးအတွင်းရေးမှူး ဒေါ်ယဉ်ကြည်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်မေနှင့်ဆရာမများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သွန်းဝသန်လင်း)**



## နောင်ချို၌ ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**နောင်ချို ဒီဇင်ဘာ ၁၉**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာ၌ ရတနာကျောင်းဆောင်သစ်နှင့် ဇာတိမာန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ ဇာတိမာန်စာကြည့်တိုက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ဝင်းကိုကို၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် မတည်အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရတနာကျောင်းဆောင်သစ်ကိုလည်း တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်ဖွင့်လှစ်ရခြင်းတို့၏ အကျိုးရလဒ်များကို ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

## မိုးပွင့်အဆင့် (၇) စီမံချက် ကွင်းဆင်းဆောင်ရွက်

**မူဆည်၊ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မိုးပွင့် (၇) စီမံချက်ဖြင့် ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီက မူဆယ် လ. ဝ. ကမှူး ဦးမြင့်ထွန်း ခေါင်းဆောင်၍ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်းလုပ်ငန်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ မူဆယ် ခရိုင်လ. ဝ. က ဒုညွှန်မှူး ဦးဝင်းကိုက လာရောက်စစ်ဆေးကြီးကြပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က ကြည့်ရှုအားပေးခဲ့ကြသည်။

**သိန်းဇော်(ရွှေလီဦး)**

---

## ဒီဇင်ဘာအားကစားလုပ်ရှားမှု လူထုလမ်းလျှောက်ပွဲအပြီး လှိုင်မြစ်ရိုးတစ်လျှောက်ရှိ အမှိုက်များ၊ ဒိုက်ပုံများ၊ ဗေဒါများအား သန့်ရှင်းရေးပြုလုပ်



**ရန်ကုန်၊ ဒီဇင်ဘာ ၁၉**

၂၀၁၄ ခုနှစ် ဒီဇင်ဘာအားကစားလှုပ်ရှားမှု လူထုလမ်းလျှောက်ပွဲကို ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်ဆိုသည့် ဆောင်ပုဒ်အတိုင်း ဒုတိယပတ်အဖြစ် ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီက အင်းစိန်မြို့နယ် ပန်းခြံစုရပ်မှ လမ်းသစ်လမ်းအတိုင်း ရွှေပြည်အေးလမ်းမ ဘူတာရုံလမ်းအတိုင်း အင်အား ၁၁၅၀ ခန့်ဖြင့် မီးရထားဘောလုံးကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ကြသည်။

အဆိုပါအားကစားလှုပ်ရှားမှု လူထုလမ်းလျှောက်ပွဲနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့မှ ဆက်လက်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြရာ အင်းစိန် လှိုင်မြစ်ရိုးတစ်လျှောက် အမှိုက်များ၊ ဒိုက်ပုံများ၊ ဗေဒါများအား စက်တပ်လှေများဖြင့်ဆယ်ယူကာ အောင်ဇေယျကြိုးတံတားအနီး မြစ်ဆိပ်သို့ ဆယ်တင်ခဲ့ကြသည်။ **(၆၈၄)**

---

# နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ခန္တီးမြို့နယ်ရှိ ချောင်းကူးတံတားများ တည်ဆောက်မှုပြီးစီး



**ခန္တီး၊ ဒီဇင်ဘာ ၁၉**

ခန္တီးမြို့နယ်အတွင်းရှိ နယ်မြေဒေသများသည် သွားလာရေးအထူးခက်ခဲပြီး အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ကျောင်းသွား ကျောင်းပြန်တွင် အသက်အန္တရာယ်ကိုရင်း၍ နေ့စဉ်သွားလာနေကြရသည်။ ယင်းသို့သွားလာရမှု ခက်ခဲကြမ်းတမ်းသော ခန္တီးမြို့နယ် နန့်သဲချောင်းနှင့် နန့်မုံချောင်းဖြတ်တံတားများကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်၍သွားရေးလာရေး အဆင်ပြေလာကြောင်း ဒေသခံများကပြောသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၆၀ ဖြင့် ခန္တီးမြို့နယ် ဆင်သေဖက်ခင်းကျေးရွာကြား နန့်သဲချောင်းကို ပေ ၂၀၀ အရှည်ရှိ လူကူးသံမဏိကြိုးတံတားနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်း ၁၂၀ ဖြင့် ခန္တီးမြို့နယ် ဆင်သေ-ပါဆောင် ကျေးရွာအကြားရှိ နန့်မုံချောင်း၌ ပေ ၄၀၀ အရှည်ရှိ လူကူးသံမဏိကြိုးတံတားများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တော်ဝင်လင်းကုမ္ပဏီမှ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ပေ ၄၀၀ အရှည် နန့်မုံချောင်းကြိုးတံတားနှင့် ပေ ၂၀၀ အရှည် နန့်သဲချောင်းကြိုးတံတားတို့အပြင် ခန္တီးမြို့နယ် လိုက်ခေါ်ရွာသစ်နှင့် ထန်ခေါ်ပေါင်ကြား နန့်စပချောင်းကို ဖြတ်၍ အရှည်ပေ ၂၅၀ ရှိ ကြိုးတံတားကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သန်း ၂၅၂ ဒသမ ၈၇၅ ဖြင့် တော်ဝင်လင်း ကုမ္ပဏီမှ ဆောက်လုပ်ခဲ့ရာ အဆိုပါကြိုးတံတားသုံးစင်းစလုံးကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ အားလုံးပြီးစီး၍ ဒေသခံများ အသုံးပြုသွားလာနေနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆင်သေနှင့် လက်ဖက်ခင်းကျေးရွာကြား နန့်သဲချောင်းလူကူးသံမဏိကြိုးတံတားကို တည်ဆောက်ပေးခဲ့သောကြောင့် ဆင်သေကျေးရွာအုပ်စု၊ လက်ဖက်ခင်းကျေးရွာ၊ ကင်းတော်ကျေးရွာအုပ်စုများရှိ အိမ်ခြေ ၆၇၆ အိမ်ရှိ လူဦးရေ ၃၈၁၇ ဦးတို့၏ သွားရေးလာရေးအဆင်ပြေသကဲ့သို့ ဆင်သေနှင့် ပါဆောင်ကျေးရွာအကြား နန့်မုံချောင်းလူကူးသံမဏိ ကြိုးတံတား တည်ဆောက်ပေးသောကြောင့် ဆင်သေကျေးရွာ အုပ်စု၊ ပါဆောင်ကျေးရွာအုပ်စု၊ ကျောက်ရွက်ကျေးရွာအုပ်စုများရှိ အိမ်ခြေ ၅၇၄ အိမ်ရှိ လူဦးရေ ၃၂၁၅ တို့အတွက် များစွာ အထောက်အပံ့ကောင်းများ ရရှိခဲ့ကြောင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး၊ မုံရွာမြို့မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

---

## မင်းတုန်းမြို့နယ်၌ တောင်သူအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မင်းတုန်း၊ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်နေပြည်သူများ စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တောင်ပတ်အုပ်စု၊ သဖန်းကိုင်ကျေးရွာ တောင်သူ ဦးဝင်းအောင်၏ ငွေခြည် (၆) ချည်မျှင်ရှည်ဝါ ငါးဧကစံပြစိုက်ကွက်၌ တောင်သူအသိပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ကျင်းပရာသို့ မင်းတုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ စက်မှုသီးနှံဦးစီးမှူး ဦးစံမြို့၊ မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်နိုင်၊ စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးအောင်လင်းနှင့် တောင်ပတ်၊ သဖန်းကိုင်ကျေးရွာမှတောင်သူများ တက် ရောက်ကြသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး စက်မှုသီးနှံ ဦးစီးမှူး ဦးစံမြို့က ဝါစိုက်ပျိုးနည်းပညာများ၊ မြေစာရင်းဦးစီးမှူးစိုက်ပျိုးရေးဦးစီးဌာနမှူးတို့မှ သီးနှံအထွက်နှုန်း တိုးတက်ရေး သိပ္ပံနည်းကျစိုက်ပျိုးနည်းများအား ရှင်းလင်းပြောကြား၍ ကျေးလက်နေတောင်သူများသိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**မြင့်ရွှေ(မင်းတုန်း)**














ကမ္ဘာ့စိတ်ကူး ကမ္ဘာ့အဆင့်အတန်းမီ . . .
ခေတ်မီခမ်းနားလှတဲ့ လူနေမှုဘဝအတွက်
၁၂-၁၂-၂၀၁၄ တွင်ကျင်းပခဲ့သော အရောင်းဖွင့်ပွဲအခမ်းအနား၌
အကောင်းဆုံးကိုဝယ်ယူအားပေးခြင်းဖြင့်
မိမိဘဝကိုအကောင်းဆုံးတည်ဆောက်ဖြစ်ခဲ့ကြသူများအားလုံးနှင့်
အခမ်းအနားတက်ရောက်လာကြသူများအားလုံးကို
ချီးကျူးဂုဏ်ပြုကျေးဇူးအထူးတင်ရှိပါကြောင်း။
DIAMOND
INYA PALACE
7% Discount (၁၂-၁၂-၂၀၁၄ မှ ၂၀-၁၂-၂၀၁၄ ထိ)
Loose Furniture Gift Voucher သိန်း(၁၀၀)တန်
Diamond Inya Palace Site / Show Flat / Sales Office :
No. 3, U Tun Nyein Street, Mayangone Township, Yangon, Myanmar.
HP : +959 4200 97992, 4200 97993, 4200 97994, 4200 97995, 4200 97998
Website : http://www.diamondinyapalace.com
MGW

# နိုင်ငံတော်ရှေ့ခရီးလမ်းကြောင်းခိုင်မာရန် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီး




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။** (မြဝတီ)

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တပ်မတော်ဆေးတက္ကသိုလ်ကို "တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိများ မွေးထုတ်ပေးရန်"ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များဖြစ်ကြသည့် ရဲဘော်တို့သည် **နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာကြံ့ခိုင်မှုရှိအောင် ကာကွယ်ပြုစု ကုသပေးရမည်ဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ဆေးအကာအကွယ်ပေးရန် လိုအပ်နေသည့် ဒေသများမှ တိုင်းရင်းသားပြည်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဆောင်ရွက်ပေးကြ**ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆရာဝန်များ၏ ကျင့်ဝတ်များနှင့်အညီ စေတနာ၊ အကြင်နာ၊ ကရုဏာ၊ ကိုယ်ချင်းစာမှုများထားရှိဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ Medical Ethics ဟု ခေါ်သည့် ဆေးပညာကျင့်ဝတ်၊ Research Ethics ဟုခေါ်သည့် သုတေသနကျင့်ဝတ်များကိုလည်း လိုက်နာကြရန်လိုကြောင်း၊ ဆေးသိပ္ပံပညာရပ်များကို ဖွံ့ဖြိုးတိုးတက်စေသည့် လူသားများ၏ ကိုယ်ပိုင်အခွင့်အရေးကို လေးစားခြင်း၊ လူနာ၏ အကျိုးစီးပွားကို ပျက်စီးစေမည့်အပြုအမူများကို ရှောင်ဖယ်ပြီး ကောင်းရာကောင်းကျိုးကိုသာ အလေးထားဂရုပြုခြင်း၊ မျှတစွာပြုစုကုသပေးခြင်း စသည့်အခြေခံသဘောတရားများကို အလေးထားလိုက်နာစောင့်ထိန်းကြရန်လိုကြောင်းဖြင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆


ယနေ့ မာတိကာ

နိုင်ငံ၏ ဓနဥစ္စာ
စာမျက်နှာ - ၂

မြန်မာ့လွတ်လပ်ရေး အတိတ်ကအောင်ပွဲသဘင်
စာမျက်နှာ - ၆

ဟသ်ာတို့ရဲ့ စေတနာ
စာမျက်နှာ - ၁၂

လီဗာပူးတိုက်စစ်မှူး ဘာလော့တယ်လီ တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ငွေဒဏ်ချမှတ်ခံရ
စာမျက်နှာ - ၁၃


# အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော မြန်မာ့ရိုးရာအစားအစာများ ဦးစားပေးရောင်းချရန် တိုက်တွန်းလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများတွင် အစားအသောက်များ ရောင်းချရာ၌ သန့်ရှင်းလတ်ဆတ်စွာ ပြုလုပ်ထားသော အာဟာရပြည့်ဝသည့် မြန်မာ့ရိုးရာအစားအစာများကို ဦးစားပေးရောင်းချသွားရန် တိုက်တွန်းအားပေးလျက်ရှိကြောင်း ကျောင်းကျန်းမာရေး ဆရာဝန်ကြီးတစ်ဦးက ဆိုသည်။

အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို စားသောက်စေရန်နှင့် ဓာတုဆေးဝါးများပါဝင်သော အန္တရာယ်ရှိ အသင့်စား အစားအစာများ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✱

# နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်း ခြေစမ်းပွဲကစားမည်

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ အနည်းငယ်သာယှဉ်ပြိုင်ခဲ့ရသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှာ ၂၀၁၅ ခုနှစ်တွင်မူ နှစ်ဆန်းပိုင်းမှပင် နိုင်ငံတကာပြိုင်ပွဲများက ဆီးကြိုလျက်ရှိသည်။

၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှာပင် မြန်မာအမျိုးသမီးအသင်းမှာ နိုင်ငံတကာပြိုင်ပွဲ နှစ်ခုကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မတ်လအတွင်းတွင် အိုလံပစ်ခြေစမ်းပွဲ၊ ဧပြီလအတွင်း၌ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတို့ ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ပဏာမကစားသမားများ ထပ်မံအားဖြည့်ခဲ့ပြီး လက်ရှိတွင် ပဏာမလက်ရွေးစင်ကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိသည်။ ယခင် နည်းပြချုပ် ဂျပန်လူမျိုး ကူမာဒါနှင့်လမ်းခွဲပြီး နောက်ပိုင်း နိုင်ငံခြားသားနည်းပြသစ်တစ်ဦး ခန့်အပ်နိုင်ခြင်းမရှိသောကြောင့် လက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်းနှင့် နည်းပြ ဦးကိုကိုအောင်တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာအမျိုးသမီး အသင်းသည် ဒီဇင်ဘာ ဒုတိယပတ်ကတည်းက နိုင်ငံတကာခြေစမ်းပွဲများကစားရန်စီစဉ်ခဲ့သော်လည်း တရုတ်အမျိုးသမီးကလပ်အသင်းမှာ ဗီဇာအခက်အခဲကြောင့် ပျက်ပြယ်ခဲ့ရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှာ ခြေစမ်းပွဲကစားရန်အတွက် အာဆီယံဒေသတွင်း နိုင်ငံများကို လိုက်လံဖိတ်ကြားခဲ့ပြီး ဗီယက်နမ် အမျိုးသမီးကလပ်အသင်းဖြစ်သည့် Ha Nam အသင်းနှင့် သဘောတူညီမှုရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းနှင့် Ha Nam အသင်းတို့၏ ခြေစမ်းပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ Ha Nam အသင်းမှာ ဗီယက်နမ်အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဒုတိယရရှိထားသည့်အသင်းဖြစ်ရာ မြန်မာအမျိုးသမီးအသင်းအတွက် အကျိုးရှိစေမည်ဖြစ်ပါကြောင်း။

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်



မြန်မာအမျိုးသမီးအသင်းမှ ကစားသမားတစ်ဦး။




# မြကြာဖြူ ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို တုပသုံးစွဲမိခဲ့ခြင်းအတွက် ကုန်အမှတ်တံဆိပ်ပိုင်ရှင်နှင့် အများပြည်သူတို့အား ဝန်ချတောင်းပန်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာအနောက်ဘက်တန်း၊ စံပယ်လမ်း၊ တိုက်အမှတ်(၈)၊ အခန်း(၇)နှင့် ရန်ကုန်မြို့၊ အဆင့်မြင့်မင်္ဂလာဈေး၊ မြေညီထပ်၊ အမှတ်(၆၁-၆၂)တို့တွင် ဖွင့်လှစ်ထားရှိသော ယဉ်ယဉ်အထည်ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ရင်ပို့(ခ)ဒေါ်ယဉ်ပို့[၁၂/လမတ(နိုင်)၀၁၀၉၃၅]က ရန်ကုန်မြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်အမှတ်(၅၅၇၆/၂၀၀၂)ဖြင့် မှတ်ပုံတင်သွင်းကြေညာ၍ တစ်ဦးတည်းမူပိုင်သုံးစွဲလျက်ရှိသော မြကြာဖြူ ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို (ဘ)ဦးမာမက်ဟူဆောန်၏သား ကျွန်တော် ဦးကျော်ဝင်း(MDW၂၄၉၀၈၀)က အတိအလင်းတုပ၍ အရည်အသွေးညံ့ဖျင်းသည့် အခြားသောလုံချည်များပေါ်တွင် ကပ်နှိပ်ပြီး မြကြာဖြူ ချည်ချောလုံချည်အစစ်အဖြစ် ဖြန့်ချိရောင်းချမိခဲ့ပါသည်။ ထိုသို့ မြကြာဖြူ ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို တုပ၍ အရည်အသွေးညံ့ဖျင်းသည့် အခြားသောလုံချည်များပေါ်တွင် ကပ်နှိပ်ပြီး မြကြာဖြူ ချည်ချောလုံချည်အစစ်အဖြစ် ဖြန့်ချိရောင်းချမိခဲ့ခြင်းကို မြကြာဖြူ ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်၏ အစစ်အမှန်ပိုင်ရှင်ဖြစ်သော ဒေါ်ရင်ပို့(ခ)ဒေါ်ယဉ်ပို့နှင့် ဝယ်ယူသုံးစွဲမိသူ အများပြည်သူတို့အား ဝန်ချတောင်းပန်ပါကြောင်းနှင့် နောင်တွင် မြကြာဖြူချည်ချောလုံချည် အမှတ်တံဆိပ်ကို အတိအလင်းတုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း အပါအဝင် ဒေါ်ရင်ပို့(ခ)ဒေါ်ယဉ်ပို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မည်သည့်ပြုမူဆောင်ရွက်ချက်ကိုမျှ မပြုလုပ်၊ မဆောင်ရွက်တော့ပါကြောင်း အလေးအနက် ဝန်ခံကတိပြု ဝန်ချတောင်းပန်အပ်ပါသည်။

**ဦးကျော်ဝင်း(ဘ)ဦးမာမက်ဟူဆောန်**

**(MDW-၂၄၉၀၈၀)**

**အမှတ်(၂၂)၊ ၂၃လမ်း၊ ၈၁×၈၂လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့**

ငါးစီးရှင်ဗုဒ္ဓမြတ်စွာဘုရားအနေကဇာတင်မင်္ဂလာပွဲနှင့် ဗုဒ္ဓခြေတော်ရာပါဒစေတီရေစက်ချပူဇော်ပွဲ
ကျေးဇူးတော်ရှင် အောင်စေတီ ဆရာတော်ကြီးအား ဦးထိပ်ပန်ဆင်ရည်စူး၍(၉)လပြည့်ပူဇော်ပွဲ ငါးစီးရှင်ပိမာန်တော်၊ ရှင်သီဝလိပိမာန်တော်၊ ရှင်ဥပဂုတ္တပိမာန်တော် ရွှေသံလွင်ဓမ္မာရုံတို့အား ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ(ထားမလုံ)**
**အောင်မြေဗောဓိစေတီတော်၊ အောင်ဓမ္မရိပ်သာကျောင်းတိုက်**

**အလှူရှင်** - ဗိုလ်မှူးမျိုးဝင်း-ဒေါ်နုနုမိသားစု
ဦးမြတ်ချိုဝင်းမိသားစု
ရွှေသံလွင်မိသားစုနှင့်တပည့်ဒါယကာ၊ ဒါယိကာမများ
**နေ့ရက်** - ၂၁-၁၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီ
**မှတ်ချက်** - ကျေးဇူးတော်ရှင်အောင်စေတီဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နေပါ၍ ဆက်သွယ်လှူဒါန်းလိုပါလျှင်-
အောင်မြေဗောဓိဆရာတော်ဘဒ္ဒန္တနန္ဒိယ(၀၉-၇၃၀၄၇၀၀၀)
**ဥက္ကဋ္ဌ** - **ဦးလှိုင်ဘွား(၀၉-၅၀၀၄၂၀၉)**
**ဒု-ဥက္ကဋ္ဌ** - **ဦးအောင်မြင့်ကို(၀၉-၅၁၈၉၂၇၃)**
**ဘဏ္ဍာရေးမှူး** - **ဦးအကိန်း(၀၉-၅၀၈၃၁၂၇)**

---

**ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။**

---

**အထက-ဖလုံ**
**သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက-ဖလုံ၏ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၀-၁-၂၀၁၅ ရက်(စနေနေ့) နံနက် ၉း၀၀ နာရီတွင် အထက ဖလုံခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အလှူငွေဆက်သွယ်လှူဒါန်းနိုင်သည့်ပုဂ္ဂိုလ်များ**
ဦးဆွေလွင် ဖုန်း-၀၉-၄၉၃၄၈၃၇၄(ဖလုံ)၊ ဦးမြင့်အေး ဖုန်း-၀၉-၇၉၉၃၁၅၇၆၈(ဖလုံ)၊ ဦးသန်းဝင်း ဖုန်း-၀၉-၃၀၀၁၉၉၇၄(ဖလုံ)၊ ကိုအောင်ကိုကို ဖုန်း-၀၉-၇၉၉၃၃၂၀၁၀(ဖလုံ)၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၇၂၆၃၈(ရန်ကုန်)၊ ဒေါ်အေးအေးမာ ဖုန်း-၀၉-၄၃၀၃၃၅၈၄(ရန်ကုန်)

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

**EMPEROR Travels**

---

**ငှားမည်**
CANTER 3 tons ကား
**Ph:09420313767,**
**09-31959304**

---

**ဥက္ကာရရတနာ ကုမ္ပဏီလီမိတက်မှ အထူးစည်ကားသိုက်မြိုက်စွာ ကြီးမှူးကျင်းပသော**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အရှောက်ရွှေတုံသာ(မောလ)ဘုရားပွဲအတွင်း ကျင်းပသော ... (၅)ရက်တိုင်တိုင် ကျင်းပပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

---



**အခွင့်အမိန့်အရ ခနဲထိုင်သူအား နှင်လိုမှု**
**( Licensee )**
**ဦးသိန်းကိုကို**

---

**UK Teaching Qualifications in Myanmar**

Ph: 09421008412

**SIS** Education Services

**Diploma in TESOL (5th Batch)**

London Teacher Training College နှင့် Special Partner Status ရ SIS Education Services

B.A (Eng), Dip-ELTM, M.A (EFL)

weekday တန်းဖွင့်လှစ်ပါမည်။

---

# ကုမ္ပဏီရုံးခန်းနေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၅၈) တွင်ဖွင့်လှစ်ထားသော **Golden Hawks International Limited.** ၏ရုံးခန်းအား (၁-၁-၂၀၁၅) ရက်မှစ၍ အောက်ပါလိပ်စာသို့ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမည်ဖြစ်ပါကြောင်း မိတ်ဟောင်း၊ မိတ်သစ် နှင့် မိတ်ဆွေများကို ခင်မင်ရင်းနှီးစွာဖြင့် အကြောင်းကြားအသိပေးအပ်ပါသည်။

## ပြောင်းရွှေ့သည့်လိပ်စာအသစ်

အမှတ်(၁၅)၊ (၈၈)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Phone : 09-73169830, 09-73169831, 09-73169832, 09-73188741, 09-73057112**

# ကျေးဇူးဥပကာရ တင်ရှိခြင်း

ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)တွင် ပညာရည်နိမ့်သောက်စိုကြသော ကျောင်းသား/ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် အုတ်ညှပ်တစ်ထပ် စာသင်ကျောင်းဆောင်သစ်ကြီး (၄)ဆောင်၊ ရွှေဇင်ဆောင်(၁၊၂၊၃၊၄)အား ပြန်လည် ဆောက်လုပ်လှူဒါန်းခဲ့ကြသော ရမည်းသင်းမြို့ ပျဉ်တပ်ရပ်ကွက်နေ ဒေါ်ကြည်သန်း၊ (သား) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးရွှေဇင် (ပြည်သူ့ဆောက်လုပ်ရေး)၊ ဒေါက်တာထွန်းစိုးနိုင်(သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)၊ (သမီး) မစပယ်၊ မဆွေဆွေမြင့်(အလှကုန် ဆေးစတိုး) မိသားစုတို့အား အ. ထ. က(မြို့မ) ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့်မိဘဆရာအသင်း၊ကျောင်းအကျိုးဆောင်အဖွဲ့မှ အထူးပင် ကျေးဇူးတင်ရှိကာ သာဓုအနုမောဒနာပြု မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ဆရာမများနှင့် မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့**
**အ. ထ. က (မြို့မ) ရမည်းသင်းမြို့။**







**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် RA-2077၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**




## ဒေါ်သင်းသင်းခိုင် အမှတ်-၁၁၊ ၁၂၁-လမ်း၊ ရေတွင်းကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်ညိမ်း [၁၂/လမန(နိုင်)၀၈၄၄၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက် အမှတ်(၂၉၆)၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ (စလစ်)မြေအမျိုးအစားသည် ပညာရေးဝန်ကြီးဌာနတွင် လုပ်ကိုင်သူဖြစ်၍ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှချထားပေးသော ဦးမောင်ညိမ်း အမည်ဖြင့်ရရှိသော မြေကွက်ဖြစ်ပါသည်။ မြေကွက်ရရှိသူ ဦးမောင်ညိမ်းမှ (၅-၇-၁၉၉၇)ရက်တွင် အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် သာကေတမြို့နယ်၊ ၃-ရပ်ကွက်၊ ရန်ပြေ၊ အမှတ်(၃၅)နေ ဦးမောင်လှအား ရောင်းချခဲ့ပြီးဖြစ်သည်။

လွန်ခဲ့သော (၂)နှစ်ခန့်က ဦးမောင်ညိမ်းသည် လှိုင်တက္ကသိုလ်နယ်မြေ၌ တာဝန်ထမ်းဆောင်နေစဉ် ဒေါ်သင်းသင်းခိုင်ဆိုသူရောက်လာပြီး ဦးမောင်လှ၏ ကျန်ရစ်သူမိသားစုဖြစ်ကြောင်း၊ ဦးမောင်လှ သေဆုံး၍ ၁၀၄-ရပ်ကွက်၊ မြေကွက်အမှတ်(၂၉၆)၏ အရောင်းအဝယ်စာချုပ်အား ထပ်မံလက်မှတ်ရေးထိုးပေးရန်ပြောသဖြင့် ဦးမောင်ညိမ်းမှလည်း ယုံကြည်အောင်ပြောဆိုသူ ဒေါ်သင်းသင်းခိုင်အား မြေကွက်ဝယ်ရောင်းစာချုပ်(၁)စောင်အား ထပ်မံလက်မှတ်ရေးထိုးပေးခဲ့ပါသည်။

ဦးမောင်လှသည် သက်ရှိထင်ရှားရှိပြီး (၁၀၄)ရပ်ကွက်၊ မြေကွက်အမှတ်(၂၉၆)သို့ သွားရောက်သောအခါ ဦးမောင်ညိမ်းထံမှလက်မှတ်ရယူသွားသည့် ဒေါ်သင်းသင်းခိုင်မှ မြေကွက်အား တရားမဝင်ကျူးကျော်၍ နေအိမ်(၃)လုံး ဆောက်လုပ်ထားကြောင်း သိရှိခဲ့ပါသည်။

ကျွန်တော် ဦးမောင်ညိမ်းသည် မြေကွက်အမှတ်(၂၉၆)ကို ဦးမောင်လှတစ်ဦးတည်းအား ရောင်းချထားကြောင်းနှင့် ဒေါ်သင်းသင်းခိုင်အား (လုံးဝ)ရောင်းချထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်ဇော်မြတ်(LL.B)** | **ဒေါ်စုသန္တာဝင်း(LL.B,LL.M)** |
| **စဉ်-၈၅၀၉** | **စဉ်-၃၅၂၉၇** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **အမှတ်(၅၅)၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၇၃၀၅၄၃၃၉၊ ၀၉-၅၄၁၂၇၅၂၊** | **ဖုန်း-၀၉-၄၃၀၃၁၁၅၀။** |

**Mini Condo ငှားမည်**
**ပိုင်ရှင်ကိုယ်တိုင်**
1000 Sq-ft, AC (2)လုံး၊ ရေပူ/ရေအေး၊ ရေ+မီး၊ 24 Hour၊ ကားပါကင်+ဓါတ်လှေကားပါ။
**Ph : 09 5019130**
**09 73191010**
**09 795293186**

**ရောင်းမည်**
၁။ နေပြည်တော်၊ ရာဇဌာနီလမ်းတစ်လမ်းကျော် ပေ(၄၀×၆၀) နှစ်ကွက်တွဲမြေ ပေ(၈၀×၆၀)
၂။ နေပြည်တော်-ပျဉ်းမနားမြို့ ပေ(၄၅×၉၀) အိမ်ဟောင်း သိန်း ၂၀၀၀ (ညှိနှိုင်း)
- ပြင်ဦးလွင် ပဒေသာမြို့သစ် ပေ(၆၀×၈၀) တစ်ထပ်ခွဲတိုက်၊ ချယ်ရီလမ်းမပေါ်
- မန္တလေး ကန်တော်ကြီးအဝင်၊ စစ်ကိုင်းလမ်းဘက်မျက်နှာပြု ပေ(၈၀×၇၅) ထောင့်ကွက်
**ဖုန်း-၀၉၅၀၃၄၂၆၀**

## ရန်ကုန်စက်မှုတက္ကသိုလ်/ရန်ကုန်နည်းပညာတက္ကသိုလ် (၁၉၆၄–၂၀၁၄)
## နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ဖိတ်ကြားလွှာ

RIT/YTI/YTU ... Account No. 0911220015980 (KBZ Bank, Thamine Branch) ... Account No. 0891220013424 (KBZ Bank, Sawbwagyigon Branch) သို့ ထည့်ဝင်နိုင်သည်။

RIT • YTI • YTU

နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပရေးကော်မတီ



# ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC) နှင့် MPDC Education တို့ ပူးပေါင်း၍ ဖွင့်လှစ်သော
## Certificate in Marketing Management (CMM)
## အမှတ်စဉ်(၆)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC)နှင့် Myanmar Professional Development Center-MPDC Education တို့ပူးပေါင်း၍ Certificate in Marketing Management (CMM)သင်တန်းအမှတ်စဉ်(၆)ကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ(၆)လဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၄။ ပညာအရည်အချင်းအထောက်အထား(မူရင်း)နှင့် မိတ္တူ ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် မိတ္တူ၂စုံ၊ လိုင်စင်ဓာတ်ပုံ(၅)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (လေးထပ်စာသင်ဆောင်၊ MPDCရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။

ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၅၂၀၂၅၉၀၀၊ ၀၉-၅၂၁၀၀၄၇၇၇



# Mariko
## Fashion & Design
## Dress Making Training Centre

ခေတ်မီနောက်ဆုံးပေါ် ဂျပန်စင်တီမီတာ(cm)နည်းဖြင့် ဂျပန်နိုင်ငံမှ သင်ကြားလာခဲ့သော ဆရာမကိုယ်တိုင် အနီးကပ် သင်ကြားပို့ချပေးနေပါသည်။ Skirt, Blouse,One piece dress, Trousaers,Suit Coat, Wedding Dress များကို ဂျပန်နိုင်ငံမှ နောက်ဆုံးပေါ် နည်းစနစ်များဖြင့် ကျွမ်းကျင်စွာ ချုပ်လုပ်နိုင်သည်အထိ သင်ကြားပေးမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

လစဉ် တန်းခွဲသစ်ရှိသည်။

**ဆက်သွယ်ရန်**

အမှတ်(၁၂၈)၊ ပထမထပ်၊ ယာဘက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

Ph:-951-299315, Mobile-09-51-42192, 09-795672066

Company Uniform များ အထူးလက်ခံသည်။


## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာအား ရုပ်သိမ်းခြင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ ညောင်ပိုင်း(၁၃)လမ်းနေ ဦးသောင်းနိုင်-ဒေါ်သိန်းသိန်းဦးတို့၏သမီး မမေသက်နိုးဖိုး(၇/ပခန(နိုင်)၃၆၂၉၀၀)အား ၁၄-၅-၂၀၁၂ရက်ထုတ် ကြေးမုံသတင်းစာတွင် ထည့်သွင်းကြေညာခဲ့သော သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးသောင်းနိုင်-ဒေါ်သိန်းသိန်းဦး

“[illegible]”

[illegible]

ဒေါက်တာ[illegible] M.B.,B.S (UM-1, Ygn), M.B.A (University of Northampton, UK)

နှင့်

[illegible]

ဒေါက်တာ[illegible] M.B.,B.S (UM-1, Ygn)

[illegible] M3 Food Centre [illegible] (Director Royal Auto Services Co.,Ltd) [illegible] (Consultant Bionnareux Co.,Ltd, Okkar Thiri Co.,Ltd) [illegible] Sedona Hotel (Grand Ballroom) [illegible] (Chairman M3 Food Centre [illegible] Hospital) [illegible] (Classic Style Fashion) [illegible] (Managing Director Royal Auto Services Co.,Ltd) [illegible] (Happy Heart Fashion) [illegible] The Access Band [illegible] (PoPsoul) [illegible] Pre Wedding Photo Forever [illegible] (Western Park Royal) [illegible] (Sky Net Media) [illegible] Dagon Printing [illegible] Love for Love Printing [illegible] TRI JADE GEMS & JEWELLERY CO.,LTD [illegible] M3 Food Centre [illegible] Sedona Hotel [illegible] Western Park Royal [illegible]


# EVER UP abe college

abe-UK [illegible] College

UK Management Diploma [illegible] abe [illegible] EVER UP [illegible]

## UK Qualifications:

Diploma / Higher Diploma / Graduate Diploma in

- Business Management
- Human Resource Management
- Financial Management
- Marketing Management
- Travel, Tourism & Hospitality Management



10th Standard → ABE UK Diplomas → MBA → M.Sc

[illegible] abe-UK Group Diploma [illegible]

Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon, Myanmar.

01-256523
09 731 75137
09 8630849


**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၀)ရပ်ကွက်၊ ကုမုဒြာလမ်း၊ အမှတ်(၁၉၂)တွင်ပါဝင်သည့် အကျယ်အဝန်း ပေ(၃၀×၆၀) (ခေါင်းရင်းဘက်)အိမ်ခြံမြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

အထက်ခေါင်းစဉ်ပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးသန်းမြင့်[၁၂/လသန(နိုင်)၀၀၆၀၇၆] ထံမှ ကျွန်ုပ် ဦးဆွေဦး[၁၂/လမတ(နိုင်)၀၂၃၃၄၅]က ၁-၉-၂၀၁၄ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ဝယ်ယူသည့်အချိန်တွင် ဝါတွင်းကာလဖြစ်သဖြင့် ဦးသန်းမြင့်မိသားစုအား (၃)လ ဆက်လက်နေထိုင်ခွင့်ပြုခဲ့ပြီး (၃)လပြည့်မြောက်သည့်နေ့တွင် ဦးသန်းမြင့်မိသားစုက နေအိမ်ခြံဝင်းအတွင်းမှ အပြီးဖယ်ရှားပေးရန် ဝန်ခံကတိပြုလက်မှတ် ရေးထိုးခဲ့ပြီးလည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ခေါင်းစဉ်ပါ အိမ်ခြံမြေအား ကျွန်ုပ်ဦးဆွေဦး၏ အတိအလင်းခွင့်ပြုသဘောတူညီချက်မရှိဘဲ အခြားသူသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းများ အပါအဝင် မည်သည့်လွှဲပြောင်းခြင်းကိုမျှ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဆွေဦး**
**အမှတ်-၁၂၁၊ ကန်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၈၈၄၇**

[illegible]

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၁၉/၂၁)၊ (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၊ ငါးလွှာခြေရင်းခန်း(စတုတ္ထထပ်) အကျယ်အဝန်း ပေ(၂၅×၈၀)ရှိ ဓာတ်လှေကားပါတိုက်ခန်း၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း**

အထက်လိပ်စာတွင်တည်ရှိသည့် ဖော်ပြပါကွန်ဒိုတိုက်ခန်းကို လက်ရှိပိုင်ဆိုင်သူ ဦးအီးရုံး (ခ)ဦးသန့်ဇော်[၁၄/အမန(နိုင်)၀၁၄၇၄၇] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သန္တာဆွေ (LL.B,LL.M,D.B.L)** | **စစ်ကိုင်း-ဦးငွေသန်း (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၇၆၄၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၇၄/၈၄)** |
| **အမှတ်(၉/၁၁)၊ ၄လွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **အမှတ်(၉/၁၁)၊ ၄လွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-09-799494984** | **ဖုန်း-၀၉-၄၂၁၁၇၆၅၉၂** |

**လဝန်းရှင်** (တိုက်၊အိမ်၊ခြံ၊မြေ ဝန်ဆောင်မှုလုပ်ငန်း)၊ ဖုန်း-၀၉-၅၁၈၈၀၂၅၊ ၀၉-၃၁၆၁၇၈၇၂







သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

## တစ်နှစ်လျှင် တစ်ခါသာရရှိမည့် အခွင့်အရေး

# Bye Bye SALES 2014

17th December to 1st January

## 10 % to 50% OFF

| | |
|---|---|
| **LED TV** | (90",80",70",60",50",47",40",32",24",23") |
| **ရေခဲသေတ္တာ** | (One Door , Two Door ) |
| **အဝတ်လျှော်စက်** | (Fully Auto, Semi Auto) |
| **လေအေးပေးစက်** | (1 HP – 5 HP) |
| **Freezer** | (1'6" - 5') |

**Rice Cooker , Vacuum Cleaner, Microwave Oven**

**ဝယ်ယူရရှိနိုင်သောနေရာများ** ၁၇.၁၂.၂၀၁၄ မှ ၁.၁.၂၀၁၅ ထိ

[illegible] (A A Electronics, Samsung အရောင်းပြခန်း) [illegible]
[illegible] (Toshiba အရောင်းပြခန်း) [illegible]
[illegible] (Sharp အရောင်းပြခန်း) [illegible]
[illegible] (Toshiba အရောင်းပြခန်း) [illegible]
[illegible] (Toshiba အရောင်းပြခန်း) [illegible]

Electronics
A A Electronics Ltd.

အမြို့မြို့အနယ်နယ်ရှိအရောင်းဆိုင်များနှင့် Showroom များတွင်လည်းဝယ်ယူရရှိနိုင်ပါသည်။